ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (3-1-2012) (၆၉၉၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လုဒ်ဝိ(ဂ်) ဝက်ဘာလော့ရှ်အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အခြေခံကောင်းများကို ဆက်ခံထိန်းသိမ်း

ဒါကြောင့် ကျွန်တော်တို့ဟာ ရရှိပြီးဖြစ်တဲ့ အခြေခံကောင်းများကို ဆက်ခံထိန်းသိမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို သဟဇာတမျှတပြီး စည်းလုံးညီညွတ်တဲ့ လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ဖို့၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အာမခံနိုင်ဖို့ဆိုတဲ့ ပြည်တွင်းရေးရာမူဝါဒများကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၃၀-၃-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာ ပေးအပ်

နေပြည်တော်　　ဇန်နဝါရီ　　၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လုဒ်ဝိ(ဂ်) ဝက်ဘာလော့ရှ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လွတ်ငြိမ်းချမ်းသာခွင့်ပြု

နေပြည်တော်　　ဇန်နဝါရီ　　၂

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၁/၂၀၁၂ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါအမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၁/၂၀၁၂

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (ခ) အရ နိုင်ငံတော်သမ္မတသည် ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်-

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်(နှစ်အကန့်အသတ်မရှိ)သို့ ပြောင်းလဲ ကျခံစေရန်လည်းကောင်း။

(ခ) ထောင်ဒဏ် နှစ်(၃၀)အထက် (နှစ်အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက်ကျခံနေရသည့် အကျဉ်းသားများမပါ)အား ထောင်ဒဏ်(၃၀)နှစ်သို့ လျှော့ပေါ့ကျခံစေရန် လည်းကောင်း။

(ဂ) ထောင်ဒဏ် နှစ်(၂၀)အထက်မှ ထောင်ဒဏ် နှစ်(၃၀)အထိ ကျခံနေရသည့် အကျဉ်းသားများအား ထောင်ဒဏ် နှစ်(၂၀)သို့ လျှော့ပေါ့ကျခံစေရန် လည်းကောင်း။

(ဃ) ထောင်ဒဏ် နှစ်(၂၀)အောက် ကျခံနေရသည့်အကျဉ်းသားများအား ယင်းတို့ကျခံနေသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန် လည်းကောင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကြေးမုံ စာ တည်းရှု ထောင့်

၃-၁-၂၀၁၂[အင်္ဂါနေ့]။

တာဝန်ကိုယ်စီ ကျေပွန်ကြ

လွတ်လပ်ရေးဟူသည် အမှီအခိုကင်းကင်း ရပ်တည်နေထိုင်ခြင်းပင်ဖြစ်သည်။ အမှီအခိုကင်းသည်ဆိုသည်မှာ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်အမျိုးသားခေါင်းဆောင်မှုဖြင့် တန်းတူညီမျှ တရားမျှတစွာ ရပ်တည်နေထိုင်ခြင်းပင် ဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးမဟုတ်ဘဲ သူတစ်ပါးအပေါ် မှီခိုရပ်တည်နေထိုင်ခြင်းသည် သူတစ်ပါးနှာခေါင်းဖြင့် အသက်ရှူရခြင်းနှင့် တူပေမည်။

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ်ပြုခြင်းခံရကာ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရဖူးသည်။ ကိုယ့်နိုင်ငံ ကိုယ့်အရှင် သခင်လက်အောက်တွင် နေထိုင်ရသောဘဝနှင့် သူတစ်ပါးနိုင်ငံ၏အရှင်သခင်လက်အောက်တွင် နေထိုင်ရသောဘဝ မည်မျှကွာခြားသည်ကို သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ကြဖူးသူအားလုံး သိပြီးဖြစ်သည်။

လွတ်လပ်သောနိုင်ငံတွင် ကျွန်ုပ်တို့ ရပ်တည်နေထိုင်လာကြသည်မှာ ယနေ့ နှစ်ပေါင်း ၆၄ နှစ်တိုင်ရှိခဲ့ပြီဖြစ်သည်။ ထိုကာလတွင် ကိုယ့်အရှင် ကိုယ့်သခင်ဖြင့် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီး၍ နေထိုင်လာခဲ့ကြသည့် အရသာကို ခံစားကြရပြီး ဖြစ်သည်။ သူတစ်ပါးအပေါ် မှီခိုရပ်တည်နေထိုင်ရသည့် သူ့ကျွန်ဘဝ၊ သူတစ်ပါး၏ အခြယ်အလှယ်ခံရသည့် မလွတ်လပ်သောဘဝကိုလည်း ကြုံခဲ့ရပြီးဖြစ်သည်။ ကိုယ့်အရှင် ကိုယ့်သခင်ဖြင့် ကိုယ့်မင်းကိုယ့်ချင်း နေထိုင်ရသောဘဝ မည်မျှလွတ်လပ်သည်ကို နိုင်ငံသားများ ကိုယ်တွေ့ခံစားနေကြရပြီ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရာ၌ အားလုံး ညီညီညွတ်ညွတ် အလုပ်လုပ်ကြဖို့၊ သူတစ်ပါးနှင့် ရင်ပေါင်တန်းနိုင်ဖို့ ကြိုးစားကြရမည်ဖြစ်သည်။

လွတ်လပ်ရေးတော့ရခဲ့ပါသည်၊ သူတစ်ပါးအပေါ် မှီခိုနေမည်ဆိုလျှင် သူတစ်ပါး၏ အရိပ်အာဝါသလွှမ်းမိုးသော အတုအယောင်လွတ်လပ်ရေးသာဖြစ်မည်။ ထို့ကြောင့် သူတစ်ပါးကိုအားမကိုးဘဲ အားလုံးအလုပ်လုပ်ကြဖို့ လိုသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ညီညွတ်သောစွမ်းပကားဖြင့် တက်ညီလက်ညီ အလုပ်လုပ်ကြမည်ဆိုလျှင် လွတ်လပ်သောနိုင်ငံ၏ အနှစ်သာရများနှင့် ပြည့်စုံမည်ဖြစ်သည်။

ဤနေရာတွင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ကို အရင်းခံရမည်။ ကိုယ့်နိုင်ငံကြီး ကြီးပွားတိုးတက်အောင် ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြရမည်။ နွားကွဲလျှင် ကျားဆွဲမည် ဟူသောဆိုရိုးစကားအရ မြန်မာတွေ မညီညွတ်လျှင် သူတစ်ပါးအပေါ် မှီခိုရမည်။ တစ်ပါးကျွန် ပြန်ဖြစ်သွားမည်။ အတိတ်သမိုင်းကို ပြန်ကြည့်လျှင် ညီညွတ်မှုမရှိ၍ သူ့ကျွန်ဖြစ်ခဲ့ရသည်။ ညီညွတ်မှုမရှိ၍ တိုင်းတစ်ပါးရန်ကို မကာကွယ်နိုင်ခဲ့။ ညီညွတ်မှုမရှိ၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်။ ထို့ကြောင့် အတိတ်သမိုင်း၏ သင်ခန်းစာကိုရယူပြီး ကျွန်ုပ်တို့ ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ကြမည်။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြမည်။

၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက် တနင်္ဂနွေနေ့တွင် ရရှိခဲ့သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်စာတိုင်၌ ရေးထိုးထားခဲ့သော သစ္စာအဓိဋ္ဌာန်(၉)ချက်ပါ **"ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံတော်သားတို့၏ မွန်မြတ်သောအခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံတော်သားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်"၊ "ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်သား ဟူသရွေ့ကို ကြီးငယ်နိမ့်မြင့်မခြား တစ်သွေးတစ်သားတည်းပြု၍ နည်းများနိမ့်မြင့်မရှိစေရ ညီတူညီမျှပြုမည်"** ဟူသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး တစ်သွေးတည်း တစ်သားတည်း တန်းတူညီမျှ အတူတကွလက်တွဲပြီး ကိုယ်စီတာဝန် ကျေပွန်ကြခြင်းဖြင့် **လွတ်လပ်ရေးနေ့ သစ္စာအဓိဋ္ဌာန်**ကို အလေးအနက်ပြုရာ ရောက်မည်ဖြစ်ပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး လမ်းသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့ ခြံတော်ကြီး-ရွှေဟင်္သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါလမ်း၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးဇော်ဝင်းတို့က အရှည်ပေ ၉၆၀ နှင့် အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်ကိုင်း-မင်းကွန်းလမ်း ကွန်ကရစ်ခင်းနေမှု၊ တိုးချဲ့မြစ်ရေတင် လုပ်ငန်းနှင့် ရေလှောင်ကန်များ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် စစ်ကိုင်းစက်မှုဇုန်သို့ သွားရောက်ပြီး စစ်ကိုင်းမြို့ တိုးချဲ့ ရေပေးဝေရေး အခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက်၏ အထပ်သားနှင့် သစ်အချောကိုင်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင် ပြည်သူများနှင့်အတူ မုံရွာမြို့ မြို့တော်ခန်းမရှေ့မှ မြန်မာ့စီးပွားရေးဘဏ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ပြည်သူ့အားကစားကွင်းသို့လည်းကောင်း စုပေါင်းလမ်းလျှောက်ကြကာ ပြည်သူ့အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)နှင့် အတွဲ(၂)တို့ကို တပျော်တပါးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အရာထမ်းစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိ ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ငွေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်းသင်တန်းသား ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှု(နည်းပြ) မွမ်းမံသင်တန်း ဓမ္မဒါနဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ စနစ်တကျဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု (နည်းပြ) မွမ်းမံသင်တန်းကို ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ မေတ္တာရပ်ခံချက်အရ ဓမ္မဗျူဟာ၏ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း အမှတ်(၆) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် (ရေခဲဆိုင်မှတ်တိုင်အနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် ဓမ္မဒါန ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်(စနေနှင့် တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်သည်။

ဤသင်တန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို သင်တန်းမှူး ဓမ္မဗျူဟာဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)မှ ကြီးမှူးပို့ချသွားမည်ဖြစ်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ဓမ္မဒါနပြု ပြန်လည်သင်ကြားပေးလိုသူများ တက်ရောက်နိုင်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်(၄) ပထမထပ် ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၃၉၉၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (ကြေးမုံ)

မီးဘေးကာကွယ်ရေး သရုပ်ပြပွဲ ကျင်းပ

ရေတာရှည် ဇန်နဝါရီ ၂

စက်ရုံ၊ အလုပ်ရုံ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြပွဲကို ပဲခူးတိုင်းဒေသကြီး (အရှေ့) ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံဆွာမြို့၌ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြခြင်း အခမ်းအနားတွင် အလုပ်ရုံမန်နေဂျာ (အင်ဂျင်နီယာ) ဦးအေးမြင့်က အမှာစကားပြောကြားပြီး ရေတာရှည်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကြည်ထွန်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်သင့်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်၊ မီးသတ်စက်တို့ဖြင့် စနစ်တကျမီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသည်။ **(ဓါတ်ပုံ)**

ကိုလွင်(ဆွာ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း
၈း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၆။ အင်္ဂလိပ်စာသုတ
၄း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ ၈။ ရန်သူမီး
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၆၈)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Guide For You
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၃၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ဇာတ်လမ်းတို
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၂)**
၂၆။ Mini Series

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၄၁၀၀	၀. ၀၃၁၈၄
တရုတ် (ယွမ်)	၆. ၂၉၄၀၀	၀. ၁၅၈၈၈
အိန္ဒိယ (ရူပီး)	၅၃. ၃၀၇၅	၀. ၀၁၈၇၆
မလေးရှား (ရင်းဂစ်)	၃. ၁၇၀၀၀	၀. ၃၁၅၄၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၇၃၇	၀. ၇၇၀၇၉
ဂျပန် (ယန်း)	၇၆. ၉၃၈၆	၀. ၀၁၃၀၀
တောင်ကိုရီးယား(ဝမ်)	၁၁၅၄. ၆၈	၀. ၀၀၀၈၇
ယူရို	၀. ၇၇၃၅၇	၁. ၂၉၂၇၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၅၇၉	၁. ၅၄၈၄၀

အင်တာနက်။

ဒီဇင်ဘာ ၂၆ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးနေဝင်း ဟောပြောစဉ်။ (၇၆)

အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေး အသင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆင်းရဲသည့် အခြေခံလူတန်းစားများ ချေးငွေရရှိစေမည့် လက်တွေ့ကျသောလုပ်ငန်းများကို စေတနာမှန်ဖြင့် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကျောက်ပန်းတောင်းမြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများ၌ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍများနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်များကို ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိန်းသိမ်းထားရှိရမည့် စာရင်းဇယားပုံစံများနှင့် အစီရင်ခံစာများကို တိကျမှန်ကန်စွာ ပြုစုပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ငွေစုငွေချေးအသင်းအနေဖြင့် အစုအဖွဲ့အလိုက် တာဝန်သိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၏ ထောက်ပံ့အားပေးမှု၊ အားကိုးယုံကြည်မှု တိုးပွားလာစေရန် ဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး၊ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အမှန်တကယ်ဆင်းရဲသည့် အခြေခံလူတန်းစားများထံသို့ ချေးငွေရရှိစေမည့် လက်တွေ့ကျသော လုပ်ငန်းများကို စိတ်ရင်းစေတနာအမှန်ဖြင့် ဦးတည်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်၊ စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း ဥက္ကဋ္ဌ ဦးသောင်းညွန့်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကံဇာတ်ကုန်းကျေးရွာ၌ စကားဝါမြေဖောင်ဒေးရှင်းက ကျေးလက်ဒေသမီးလင်းရေးအတွက် 10 KVA (Diesel Engine) မီးစက်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီ အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် မှာကြားသည်။

ယင်းနောက် 10 KVA မီးစက်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖတစ်ဦးက လက်ခံပြီး ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ အဆိုပါနေ့နံနက် ၆ နာရီ ၄၅ မိနစ်မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုးရောင်းမည်

နေပြည်တော် ဇန်နဝါရီ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၅၀၀ ကျပ်တန်နှင့် ၁၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုးကို ဇန်နဝါရီ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇန်နဝါရီ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ယာဉ်နံပါတ်ပြားတပ်မထားသော မော်တော်ယာဉ်များ မောင်းနှင်နေမှုကြပ်မတ်အရေးယူရန်လို

ရန်ကုန် ဇန်နဝါရီ ၂

သက်တမ်းလွန် မော်တော်ယာဉ်များ အစား ပြည်ပမှ တင်သွင်းလာသည့် ယာဉ်နံပါတ်ပြားတပ်မထားသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ သွားသည့် လမ်းကြောင်း၌သာ အသုံးပြုမောင်းနှင်ရန်နှင့် အခြားမသက်ဆိုင်သည့် လမ်းကြောင်း၌ မည်သည့်အကြောင်းနှင့်မျှ သွားလာမောင်းနှင်ခြင်း မပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။

သို့ရာတွင် ယာဉ်နံပါတ်ပြားတပ်မထားသော မော်တော်ယာဉ်များမှာ ရန်ကုန်မြို့ရှိ လမ်းများပေါ်၌ နေ့/ည မပြတ်မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်နေရသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အဆိုပါ ယာဉ်နံပါတ်ပြားတပ်ဆင်မထားသော ယာဉ်ကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ထိခိုက်ခံရသူအနေဖြင့် ယာဉ်နံပါတ် မသိရှိသောကြောင့် နစ်နာဆုံးရှုံးမှုများ၊ မလိုလားအပ်သောကိစ္စရပ်များ ပိုမိုဖြစ်ပေါ်နိုင်သဖြင့် ယာဉ်နံပါတ်သိရှိနိုင်အောင် ဆောင်ရွက်ပေးရန်နှင့် ယာဉ်နံပါတ်ပြားမတပ်ဘဲ လမ်းများပေါ်၌ မောင်းနှင်နေမှုကို ကြပ်မတ်အရေးယူရန် ခရီးသွားပြည်သူများက လိုလားလျက်ရှိသည်။

(မောင်လှိုင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟိုပုံးမြို့ ပြည်သူ့ဆေးရုံအနီး မြို့ဦးကွက်ရပ်ကွက် နယ်မြေ (၁၀)တွင် တည်ရှိသော **အနော်ရထာလမ်း အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပစဉ်။** (မြို့နယ်ပြန်/ဆက်)

မော်တော်ဆိုင်ကယ်စီးသူများ သိမှတ်ဖွယ်

မော်တော်ဆိုင်ကယ်စီးသူများ သိမှတ်ဖွယ်

မော်တော်ဆိုင်ကယ်မောင်းနှင်သူတို့ သတိပြုလိုက်နာရမည့် မှတ်သားဖွယ်ရာများ

မော်တော်ဆိုင်ကယ်သည် မတော်တဆမှု (Accident) အများဆုံးဖြစ်နိုင်သည့် ယာဉ်အမျိုးအစားဖြစ်ပါသည်။ မောင်းနှင်သည့်အရှိန်နှုန်း (Speed) များလေ အန္တရာယ်ကြီးမားလေဖြစ်ပါသည်။ ဘီးနှစ်ဘီးပေါ်တွင် အခြေပြုပြီး စက်အားဖြင့် လည်ပတ်မောင်းနှင်ရသဖြင့် အတိမ်းစောင်းမခံဘဲ အချိန်မရွေး လဲကျတိမ်းမှောက်နိုင်ပါသည်။ အထူးသတိပြုထိန်းသိမ်းမောင်းနှင်ရမည့် စက်တပ်ယာဉ်အမျိုးအစားဖြစ်နေပါသည်။

ထို့ကြောင့် ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် မောင်းနှင်ခြင်းမပြုမီ ဆိုင်ကယ်၏ စက်အစိတ်အပိုင်းများ ကြံ့ခိုင်မှုရှိ၊ မရှိ စစ်ဆေးရန်လိုပါသည်။ ဘရိတ်၊ လီဗာ၊ ဂီယာ၊ ကလပ်၊ ချိန်းစပေ့ါကတ် စသည့် အစိတ်အပိုင်းများကို စစ်ဆေးရမည့်အပြင် ရှေ့မီးနောက်မီး၊ အချက်ပြမီး၊ နောက်ကြည့်မှန် စသည်တို့ ကောင်းမွန်မှု ရှိ၊ မရှိ စိစစ်ရပါမည်။ ဆိုင်ကယ်ပေါ်တက်သည်နှင့် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စနစ်တကျ ဆောင်းရပါမည်။ နောက်ထိုင်ခုံတွင် လူပိုတစ်ဦးလိုက်ပါစီးနင်းပါက ထိုသူသည်လည်း ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းထားရပါမည်။ ဦးထုပ်ဆောင်းထားစဉ် မေးသိုင်းကြိုးမတပ်ခြင်း၊ လျော့ရဲရဲဖြစ်နေခြင်း၊ ခိုင်ခံ့မှုမရှိခြင်းတို့ မဖြစ်သင့်ပါ။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရာတွင် လုံခြုံစိတ်ချခိုင်ခံ့မှုရှိသည့် ဦးထုပ်ကို စနစ်တကျ ဆောင်းရန်လိုအပ်ပါသည်။ ဦးထုပ်ဆောင်းထားခြင်းဖြင့် မတော်တဆမှုဖြစ်ပွားပါက ဦးခေါင်းဒဏ်ရာ မရရှိနိုင်ဘဲ အသက်အန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါသည်။ ဆိုင်ကယ်မောင်းနှင်သူတစ်ဦးအနေဖြင့် ကျွမ်းကျင်စွာ မောင်းနှင်တတ်ရန်လိုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိနားလည်သူ ဖြစ်ရပါမည်။ သတ်မှတ်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်သက်သေခံလက်မှတ်(ဗီုးတက်)တို့ ပါရှိရန် လိုအပ်ပါသည်။ ယာဉ်စည်းကမ်းထိန်းသိမ်းသည့် တာဝန်ရှိသူများမှ စစ်ဆေးသည့်အခါ တင်ပြနိုင်ရပါမည်။ ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် ဘေးအန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အောက်ဖော်ပြပါ စည်းကမ်းချက်များ လိုက်နာကြရပါမည်-

(က) ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ စီးနင်းရမည်။
(ခ) နောက်ထိုင်ခုံတွင် တစ်ဦးထက်ပို၍ မတင်ရ၊ ရှေ့တွင် မည်သူမှ တင်မစီးရ။
(ဂ) လက်ကိုင်နှစ်ဖက်ကို လွှတ်၍ မစီးရ၊ လက်တစ်ဖက်တည်းကိုင်၍ မစီးရ။
(ဃ) အန္တရာယ်ဖြစ်နိုင်သည့်ပစ္စည်းနှင့် မထိန်းသိမ်းနိုင်အောင် လေးလံသည့်ပစ္စည်းများ မတင်ရ။
(င) ပစ္စည်းတင်ပါက ပစ္စည်းသည် နောက်ခုံ၏ ဘေးတစ်ဖက်တစ်ချက် ခြောက်လက်မနှင့် နောက်ဘီးတာယာ အစွန်းမှ ၁၂ လက်မထက် မပိုရ။ ပစ္စည်းအမြင့်သည် ယာဉ်မောင်းသူ၏ ပခုံးထက် မမြင့်စေရ။
(စ) ပြိုင်မစီးရ၊ အခြားယာဉ်များအနှောင့်အယှက်ဖြစ်အောင် မစီးရ။
(ဆ) လွင့်ပျံ့နေသော အဝတ်အစားများဖြင့် မစီးရ။
(ဇ) ဆိုင်ကယ်၏ စက်သံကို ဆူညံစွာမြှင့်၍ မစီးရ။
(ဈ) မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်။

ဆိုင်ကယ်နောက်မှ လိုက်ပါစီးနင်းသူများအနေဖြင့်လည်း ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်း၍ လိုက်ပါစီးနင်းရပါမည်။ အရှိန်ပြင်းမောင်းခြင်း၊ ကျော်တက်ခြင်းများနှင့် လမ်းကွေ့၊ လမ်းကောက်တို့၌ လွင့်စဉ်ပြုတ်ကျပြီး အန္တရာယ်ရှိနိုင်ပါသည်။ စိတ်ပျံ့လွင့်၍ သတိလက်လွတ်လိုက်ပါခြင်းမဖြစ်သင့်ဘဲ သတိဖြင့် စီးနင်းလိုက်ပါဖို့ လိုအပ်ပါသည်။ အထူးသတိပြုရန်မှာ ဆိုင်ကယ်မောင်းသူနှင့် လိုက်ပါစီးနင်းသူပါ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားရမည်ဖြစ်ပြီး အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ လူနှစ်ယောက်ထက်ပိုစီးခြင်းများ မပြုလုပ်ရန် ဖြစ်ပါသည်။

အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာ၍ မောင်းနှင်စီးနင်းသွားလာပါက ထိခိုက်ဒဏ်ရာရမှု၊ အသက်ဆုံးရှုံးမှုများမှ ကင်းဝေးပြီး ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် မော်တော်ဆိုင်ကယ်စီးနင်းကြသူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး ကိုယ်စီအသိတရားဖြင့် ထိန်းသိမ်းမောင်းနှင်စီးနင်းကြရန် လိုအပ်ကြောင်း အသိပေးရေးသားအပ်ပါသည်။ ။

သတင်းမှတ်စု - မောင်ယာဉ်ထိန်း

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂

ဦးထွန်းထွန်း (ရွှေသီဂီရွှေဆိုင်)သည် ဒီဇင်ဘာ ၂၉ ရက်က သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် Pro V1 No.4 ဘောလုံးအား Primus Iron No.8 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၇ ကိုက်အကွာရှိ ကျင်းအမှတ် (၁၃) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးဇော်ဝင်းထွန်း (MPE)၊ ဦးသောင်းဟန် (သဇင်တည်းခိုခန်း)၊ ဦးဌေးဝင်း (နီလာမင်းရွှေဆိုင်) တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

(၅၂၇)

အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ရုပ်တု အိန္ဒိယနိုင်ငံ သိပ္ပံပြတိုက်၌ ဖွင့်လှစ်

မွမ်ဘိုင်း ဇန်နဝါရီ ၂

ကမ္ဘာ့ပထမဆုံးသော အာကာသယာဉ်မှူး ယူရီဂါဂါရင်၏ ရုပ်တုကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ နေရူးသိပ္ပံပြတိုက်၌ ဖွင့်လှစ်လိုက်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

ယူရီဂါဂါရင်၏ရုပ်တုဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့ရာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အလက်ဇန္ဒာကာဒါကင်၊ မွမ်ဘိုင်းမြို့ရှိ ရုရှားကောင်စစ်ဝန်ချုပ် အလက်ဇီနိုဗီကော့နှင့် မွမ်ဘိုင်းမြို့တော်ဝန် ရှာရာဒါးတို့ တက်ရောက်ခဲ့ကြသည်။

အလည်အပတ်လာရောက်

ဂါဂါရင်သည် အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ ချစ်ခင်မြတ်နိုးမှုရရှိသူ အာကာသယာဉ်မှူးဖြစ်ကြောင်း၊ ဂါဂါရင်သည် တစ်ချိန်တစ်ခါက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ (ယခင်အခေါ်အဝေါ် ဘုံဘေမြို့)သို့ အလည်အပတ်လာရောက်ခဲ့ဖူးကြောင်း နေရူးသိပ္ပံပြတိုက်၏ ညွှန်ကြားရေးမှူး အန်နီးမန်နီကာက ပြောကြားသည်။

နေရူးသိပ္ပံပြတိုက်သို့ နှစ်စဉ်ပြည်သူ ၇၀၀၀၀၀ ခန့် အလည်အပတ်လာရောက်ကာ လေ့လာကြည့်ရှုကြသည်။ အဆိုပါအဖွဲ့အစည်းသည် အာကာသသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို ပြုလုပ်လျက်ရှိသည်။

အင်တာနက်။

ကမ္ဘာ့ပထမဆုံးသော အာကာသယာဉ်မှူး ယူရီဂါဂါရင် အသုံးပြုခဲ့သော အာကာသယာဉ် အစိတ်အပိုင်းကို မော်စကိုမြို့အနီးရှိ ပြတိုက်၌ ခင်းကျင်းပြသထားစဉ်။

စင်ကာပူအစိုးရဝန်ကြီးများ၏ လစာဝင်ငွေ ခံစားခွင့် ကော်မတီတစ်ရပ်ကသုံးသပ်

စင်ကာပူ ဇန်နဝါရီ ၂

စင်ကာပူနိုင်ငံ၌ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လစာဝင်ငွေ ခံစားခွင့်နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်နိုင်ရန် ဖွဲ့စည်းခဲ့သော ကော်မတီတစ်ရပ်သည် လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဝန်ကြီးချုပ် လီရှန်လွန်းထံ တင်သွင်းလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်းဆိုခဲ့

ယခုနှစ်မေလက အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီးနောက် အဆိုပါကော်မတီကို ဖွဲ့စည်းခဲ့သည်။ အစိုးရဌာနဆိုင်ရာများ၌ တာဝန်ယူဆောင်ရွက်နေသော ဝန်ကြီးများ၏ လုပ်ခလစာ ခံစားခွင့်ကို ပြန်လည်သုံးသပ်ပေးရန် မဲဆန္ဒရှင်များက တောင်းဆိုခဲ့ကြပြီးနောက် ယင်းကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

စင်ကာပူဝန်ကြီးချုပ်နှင့် သမ္မတတို့၏ လစာငွေများသည် ကမ္ဘာပေါ်တွင် အလားတူလစာငွေများအနက် အများဆုံးဖြစ်သည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ၂၀၀၉ ခုနှစ်တွင် တစ်နှစ်တာ လစာဝင်ငွေ စင်ကာပူဒေါ်လာ ၁ ဒသမ ၅၇ သန်းမှ ၃ ဒသမ ၀၄ သန်းအထိ လက်ခံရရှိခဲ့ကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာချက်စစ်တမ်းတွင် ဖော်ပြထားသည်။

အင်တာနက်။

အမေရိကန်က ယူအေအီးသို့ ဒုံးကျည်ကာကွယ်ရေးစနစ် ရောင်းမည်

ဝါရှင်တန် ဇန်နဝါရီ ၂

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ဒသမ၄၈ ဘီလီယံတန်ဖိုးရှိသော လက်နက်များ ရောင်းချရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြေညာခဲ့သည်။

အီရန်နိုင်ငံကို တုံ့ပြန်ရန်အတွက် ပင်လယ်ကွေ့မိတ်ဆွေနိုင်ငံများ၌ ဒုံးကျည်ကာကွယ်ရေးတည်ဆောက်ရန် ဝါရှင်တန်၏ ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသဖြစ်သည်ဟု ဆိုသည်။

အခြားပင်လယ်ကွေ့မိတ်ဆွေနိုင်ငံ ဆော်ဒီအာရေဗျကို ဒေါ်လာဘီလီယံ ၃၀ တန်ဖိုးရှိသည့် အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်အသစ် ၈၄ စင်း ရောင်းချပေးရန် စာချုပ် ချုပ်ဆိုပြီး နောက်တစ်ရက် သောကြာနေ့နှောင်းပိုင်းတွင် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံနှင့် သဘောတူ ရောင်းဝယ်ရေးစာချုပ်တွင် ခေတ်မီဒုံးကျည်ကာကွယ်ရေးဘက်ထရီ နှစ်ခု၊ ဒုံးကျည် ၉၆စင်း၊ ရေဒါနှစ်ခု၊ အပိုပစ္စည်းများနှင့် လေ့ကျင့်သင်ကြားပေးရေးတို့ ပါဝင်ကြောင်း ပင်တဂွန်ပြန်ကြားရေးအရာရှိ ဂျော့လစ်တဲလ်က ကြေညာချက်တွင်ဖော်ပြထားသည်။

ပင်လယ်ကွေ့နိုင်ငံများသို့ လက်နက်များရောင်းချခြင်းသည် အီရန်နိုင်ငံအား ၎င်း၏ဒုံးကျည်များ ထုတ်လုပ်ခြင်းနှင့် နျူကလီးယားအစီအစဉ်သည် ဒေသတွင်းလုံခြုံရေးကို မတည်မငြိမ် ဖြစ်စေကြောင်းနှင့် အထီးကျန်နိုင်ငံဖြစ်စေမည်ဖြစ်ကြောင်း အချက်ပြခြင်းဖြစ်သည်ဟု အမေရိကန်တာဝန်ရှိများက ပြောသည်။

အင်တာနက်။

အစွရေးလူမျိုး ကမ္ဘာလှည့်ခရီးသည်တစ်ဦး တောမီးလောင်အောင် ဖန်တီးခဲ့ဟုဆို

ဆန်တီယာဂို ဇန်နဝါရီ ၂

ချီလီနိုင်ငံ ပါတာဂိုနီးယားဒေသရှိ အဖိုးတန်သစ်တောမြေ တစ်နေရာ၌ အကြီးအကျယ် တောမီးလောင်ကျွမ်းမှုကို ဖြစ်စေခဲ့သူအဖြစ် မသင်္ကာသူ အစ္စရေးလူမျိုး ကမ္ဘာလှည့် ခရီးသည်တစ်ဦးကို ဒီဇင်ဘာ ၃၁ ရက်က ဖမ်းဆီးခဲ့ပြီးနောက် နောက်ပိုင်းတွင် အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ချီလီနိုင်ငံတောင်ပိုင်းရှိ သာယာလှပသော တောင်တန်းများ၊ သစ်တောများနှင့် ရေအိုင်ကြီးများ တည်ရှိရာ တောရက်စ်ဒဲလ်ပိန်း အမျိုးသားဥယျာဉ်၌ ဒီဇင်ဘာ ၂၇ ရက်က တောမီးလောင် ကျွမ်းခဲ့သည်။ အဖမ်းခံရသူ အစ္စရေးလူမျိုး ကမ္ဘာလှည့်ခရီးသည်မှာ အသက် (၂၃)နှစ်ရှိ ရိုတင်းဆင်းဂါး ဆိုသူဖြစ်ပြီး မရည်ရွယ်ဘဲ တောမီးလောင်ကျွမ်းစေခဲ့သူဖြစ်သည်ဟု စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားကြသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၁၁၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

အင်တာနက်။

တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော သစ်တောမြေ တစ်နေရာကို တွေ့ရစဉ်။

လန်ဒန် ၂၀၁၂ အိုလံပစ် အားကစားပြိုင်ပွဲကို လုပ်ပွဲကစားခြင်းများက ခြိမ်းခြောက်နေဟုဆို

လန်ဒန် ဇန်နဝါရီ ၂

လန်ဒန် ၂၀၁၂ အိုလံပစ်အားကစားပြိုင်ပွဲ၏ ဂုဏ်သိက္ခာကို တရားမဝင် လောင်းကစားဂိုဏ်းများ၏ လုပ်ပွဲကစားရေး ကြိုးစားလာခြင်းများက မှေးမှိန်သွားစေရန် ခြိမ်းခြောက်နေကြောင်း အိုလံပစ်အားကစားဝန်ကြီးက တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိုလံပစ်အားကစားပွဲတော်များတွင် လုပ်ပွဲကစားခြင်းများက နေရာများစွာယူလျက်ရှိကြောင်း ဝန်ကြီး ဟုချ်ရောဘတ်ဆန်က ပြောသည်။ အားကစားပြိုင်ပွဲများ၏ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အရှုပ်အရှင်း ပြဿနာများကို ရှောင်ကွင်းနိုင်ရေးအတွက် လောင်းကစား၏ ခြိမ်းခြောက်မှုများအား ပြင်းပြင်းထန်ထန်ကိုင်တွယ်ရန် အစိုးရအဖွဲ့များကို စည်းရုံးဆော်ဩလျက်ရှိသည်ဟု ဆက်လက်ပြောကြားသည်။

ဆောင်ရွက်နိုင်မည်မဟုတ်

ယခင် အိုလံပစ်အားကစားပြိုင်ပွဲများတွင် တရားမဝင် လောင်းကစားခြင်းနှင့် လုပ်ပွဲကစားခြင်းများကို ရှာဖွေဖော်ထုတ်ရန် မစွမ်းဆောင်နိုင်ခဲ့ကြောင်း အာဏာပိုင်အဖွဲ့အစည်းများက ဆိုသည်။ ဝန်ကြီးအနေဖြင့် မည်သို့ပင် ပြောနေစေကာမူ လျှို့ဝှက်လှုပ်ရှားနေခြင်းကို အမိန့်အာဏာဖြင့် ထိန်းချုပ်တားဆီးရန်မှာ တစ်ကမ္ဘာလုံး၌ လုံလောက်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ဟု ဆိုသည်။

၂၀၁၂ အိုလံပစ်အားကစားပြိုင်ပွဲတွင် နိုင်ငံတကာ အိုလံပစ်ကော်မတီ၊ ဗြိတိန်လောင်းကစားကော်မရှင် စောင့်ကြည့်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ပါဝင်သည့်အဖွဲ့က အဆိုပါ တရားမဝင် လှုပ်ရှားမှုများကို စုံစမ်းဖော်ထုတ်ရန် တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အင်တာနက်။

လန်ဒန် ၂၀၁၂ အိုလံပစ် အားကစားပြိုင်ပွဲ၏ အိုလံပစ်အားကစားကွင်းကြီးကို ဝေဟင်မှ တွေ့ရစဉ်။

ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ပြင်းအား ၇ ဒသမ သုည ရှိ မြေငလျင်လှုပ်ရှား

တိုကျို ဇန်နဝါရီ ၂

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် ပင်လယ်ပြင်တစ်ဝိုက်တွင် ဇန်နဝါရီ ၁ ရက်က ငလျင်ပြင်းအား ၇ ဒသမ သုည အဆင့်ရှိ ငလျင်လှုပ်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါ ငလျင်သည် တိုကျိုမြို့တောင်ဘက် တိုရိရှိမာကျွန်း ကမ်းလွန်ကိုဇဟိုပြုကာ အနက် ကီလိုမီတာ ၃၇၀ တွင် ဒေသစံတော်ချိန် နေ့လယ် ၂ နာရီ ၂၈ မိနစ် (ကမ္ဘာ့စံတော်ချိန် ၀၅၂၈)က လှုပ်ခြင်းဖြစ်သည်။ ငလျင်ကြောင့် ဆူနာမီဘေးအန္တရာယ် ဖြစ်ပေါ်နိုင်မှုမရှိကြောင်း မိုးလေဝသဌာနက ဆိုသည်။

ငလျင်၏ ပြင်းထန်သောတုန်ခါမှုအရှိန်ကြောင့် တိုကျိုမြို့ရှိ ဆင်ဟွာသတင်းဌာနအဆောက်အအုံ လှုပ်ယမ်းမှု ဖြစ်ပေါ်ကြောင်း၊ မီယာဂီနှင့် ဖူကူရှီးမားမြို့များအပါအဝင် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ စီရင်စုနယ်များတွင်လည်း ငလျင်ဘေးဒဏ် ခံရသည်ဟု သိရသည်။

လူအသေအပျောက်နှင့် ပစ္စည်းများ မည်မျှဆုံးရှုံးရသည့် သတင်းများကို ချက်ချင်းမသိရသေးချေ။

ဆင်ဟွာ။

ဒုတိယဝန်ကြီး ဦးမြင့်ဇော် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်၌ အမှတ်(၃) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စီမံကိန်းများ၌ တာဝန်ရှိသူတို့က ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးက ဖြည့်စွက်တင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၂၀ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် လည်းကောင်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် လည်းကောင်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းများဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	ဓမ္မနုဂ္ဂဟာဓမ္မကဥ္စာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	အကပြိုင်ပွဲ
၈း၃၀	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အဆိုပြိုင်ပွဲ
၄း၄၀	၄။	"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"
၄း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၃၀	၈။	(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅	၉။	မူဟန်သွယ်သွယ်ဆိုကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	၁၃။	ဆိုလိုက်ကြစို့
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၃၁)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	"သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်" (ခေတ်သစ်စနစ်ဖြင့် ဖွံ့ဖြိုးဝေစည် နိုင်ငံသစ်၏အလှပန်းချီ)
	၁၉။	"ချိုမြိန်ရသာမုန့်ကမ္ဘာ"
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၁၄)**
	၂၁။	**အိန္ဒိယရုပ်ရှင် "ချစ်သူ့နားခိုရာ" (အပိုင်း-၄) (ဇာတ်သိမ်းပိုင်း)**
	၂၂။	အစီအစဉ်ပြီး၏။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇန်နဝါရီ ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသ တိုင်းထွာချက်များအရ အနောက်တောင်ဘက်မှ လေနွေးများနှင့် အနောက်မြောက်ဘက်မှ လေအေးများ မြန်မာနိုင်ငံအတွင်းသို့ တိုးဝင်စုဆုံမှုကြောင့် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo International Corporation (Myanmar E & P)သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် ကုန်းတွင်းသို့ သွယ်တန်းမည်ဖြစ်ရာ ပိုက်ခင်းခြင်းလုပ်ငန်းများကို Pipe Lay Barge " HD 60" ဖြင့် ဇန်နဝါရီ ၁၂ ရက်မှ မတ် ၁၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Pipe Lay Barge "HD 60" ဖြင့် ပိုက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းခွင်လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ Pipe Lay down point မြောက်လတ္တီတွင် ၁၉ ဒီဂရီ ၃၄ မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၂ ဒီဂရီ ၃၅ မိနစ် ၂၀ စက္ကန့်၊ Pipe Lay down point မြောက်လတ္တီတွင် ၁၉ ဒီဂရီ ၄၀ မိနစ် ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၂ ဒီဂရီ ၂၀ မိနစ် ၅၀ စက္ကန့်၊ Pipe Lay down point မြောက်လတ္တီတွင် ၁၉ ဒီဂရီ ၃၁ မိနစ် ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွင် ၉၃ ဒီဂရီ ၀၄ မိနစ် ၅၀ စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်ရာ ဖော်ပြပါအမှတ်သုံးခုအကြား လမ်းကြောင်းတစ်လျှောက်တွင် ပိုက်ခင်းခြင်းလုပ်ငန်းများကို Pipe Lay Barge " HD 60" ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်လမ်းကြောင်းတစ်လျှောက် ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner 's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ခေတ္တလမ်းပိတ်မည်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၄ ရက် နံနက် ၃ နာရီခွဲမှ စတင်ပြီး အခမ်းအနားပြီးဆုံးချိန်အထိ ပြည်လမ်း (ရှင်စောပုလမ်းဆုံမှ အလုံလမ်းဆုံထိ) ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသော ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖလား ဖူဆယ်အလွတ်တန်းပြိုင်ပွဲဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကော်မတီဝင် ဦးညဏ်ဝင်း အမှာစကားပြောကြားစဉ်။ (၃၂၉)

(၅)နှစ်ကျော်သက်တမ်းပြတ် ယာဉ်များအား အစားထိုးလဲလှယ်ခွင့်မပြု

နေပြည်တော် ဇန်နဝါရီ ၂

ယာဉ်အဟောင်းအပ်နှံ၍ ယာဉ်အသစ်အစားထိုးတင်သွင်းခြင်းစီမံချက်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါစီမံချက်တွင် မှတ်ပုံတင်လဲလှယ်ရန် ပျက်ကွက်နေသည့်ကာလ တစ်ဆက်တည်း ငါးနှစ်နှင့်အထက် ယာဉ်များသည် ၁၉၈၉ ခုနှစ် မော်တော်ယာဉ် နည်းဥပဒေအရ မော်တော်ယာဉ်အဖြစ်မှ အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်သောကြောင့် အစားထိုးလဲလှယ်ခွင့်မပြုကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အားကစားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား U-10 ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် သက္ကယ်ကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းအား ဒိုင်းဆုကြီးကို မြို့နယ်ပညာရေးမှူး ဦးစိန်သန်းအောင် ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာ့လက်မှုထည်များအတွက် သတင်းကောင်း

ရန်ကုန် ဇန်နဝါရီ ၂

အာဆီယံ-ဂျပန်စင်တာ(AJC) မှ ကြီးမှူး၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV)နိုင်ငံများမှ လုပ်ငန်းရှင်များအား စွမ်းအားစုမြှင့်တင်ပေးသည့်အစီအစဉ်တစ်ရပ်အနေဖြင့် AJC နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၄ ရက်တွင် မန္တလေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ဂျပန်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ရေးအထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ CLMV နိုင်ငံများမှ ပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်ထုတ်လုပ်သူများ၏ ကုန်ပစ္စည်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူဖြစ်စေရန်၊ ၂၀၁၂ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် INACRAFT 2012 ပြပွဲသို့ ပါဝင်ပြသမည့်သူများရွေးချယ်ရာတွင် အကြံပြုရန်နှင့် ဒီဇိုင်း၊ ကုန်ပစ္စည်းအရည်အသွေးများ တိုးတက်ကောင်းမွန်၍ ဂျပန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်တို့ ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ ကနုကမာလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ကြိမ်ထည်လုပ်ငန်းများအပါအဝင် လက်မှုပစ္စည်းထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်သည်။

သို့ဖြစ်၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၁၄၃၄၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ အဓိကပံ့ပိုးကူညီမှုတို့ဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ဂျပန်-မြန်မာချစ်ကြည်ရေးကိုရှေးရှု၍ 3rd JAPAN CUP KARATEDO CHAMPIONSHIP ကရာတေးဒိုပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲမှ ထူးချွန်သော ကရာတေးဒိုအားကစားသမားများအား ရွေးချယ်ပြီး ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း၏ အလားအလာရှိသူများအဖြစ် လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း) သို့ အမည်စာရင်းပေးရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို ဖုန်း - ၃၇၉၉၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟောင်သရော ချောင်းကူး တံတားဖွင့်

နေပြည်တော် ဇန်နဝါရီ ၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းနှင့် မြောက်ကြာအင်း ကျေးရွာ ဆက်သွယ်သည့် ပေ ၆၀၀ ရှည် နွေရာသီ ဟောင်သရောချောင်းကူးတံတား ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော် လင်ကွမ်းဘုရားကျောင်းသို့ ပင့်ဆောင်ပူဇော်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၄၈ ရက်ကြာ ဒေသစာရီကြွချီပူဇော်ခံခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ကြွချီတော်မူရာ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပို့ဆောင် အပ်နှင်းပြီးကြောင်း သဘောတူစာချုပ်ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တရုတ်သာသနာရေးဗျူရိုဝန်ကြီး မစ္စတာ ဝမ်ဇောအန်းတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပင့်ဆောင်ရာတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်နှင့် သာသနာရေး၊ ပြည်ထဲရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါပို့ဆောင်ပူဇော်ကြသည်။

ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဗုဒ္ဓမြတ်စွယ်တော် ကြွမြန်း ဆိုက်ရောက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဝန်ကြီး မစ္စတာ ဝမ်ဇောအန်း၊ မြတ်စွယ်တော်လိုက်ပါပို့ဆောင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဆရာတော် ချိုင်ယွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လေဆိပ်ဧည့်ခန်းမဆောင်၌ ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပို့ဆောင်အပ်နှင်းပြီးကြောင်း သဘောတူစာချုပ်ကို ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တရုတ်သာသနာရေးဗျူရိုဝန်ကြီး တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား မူလကိန်းဝပ်စံပယ်တော်မူရာ လင်ကွမ်းဘုရားကျောင်းသို့ ခမ်းနားသိုက်မြိုက်သည့် ကြိုဆိုပင့်ဆောင်ပူဇော်မှုများဖြင့် ပြန်လည်ပို့ဆောင် ပူဇော်အပ်နှင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် CPPCC ရုံးချုပ်သို့ သွားရောက်၍ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ Mr. Du Qing Lin နှင့်တွေ့ဆုံကာ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ သာသနာရေးဆိုင်ရာများ၊ ထေရဝါဒဗုဒ္ဓဘာသာ ပိုမိုပြန့်ပွားတိုးတက်လာစေရန် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးအား တရုတ်သာသနာရေးဗျူရိုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ပေကျင်းဟိုတယ်ရှိ Beijin Hall ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာပင့်ဆောင်ပူဇော်နိုင်ခဲ့မှုနှင့် နှစ်နိုင်ငံအကြား ထေရဝါဒဗုဒ္ဓဘာသာရေးဆိုင်ရာ ပညာသင်များ အပြန်အလှန်စေလွှတ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကိုဆွေးနွေးကြပြီး တရုတ်သာသနာရေးဗျူရိုဝန်ကြီးက ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် ရှန်ဟိုင်းမြို့ရှိ ကမ္ဘာ့စတုတ္ထအမြင့်ဆုံး အဆောက်အအုံဖြစ်သော Oriental Pearl Building သို့ သွားရောက်ကြည့်ရှုကြပြီး အဆောက်အအုံ အောက်ထပ်ရှိ Oriental Pearl Museum ကိုလည်း လေ့လာကြသည်။

ဆက်လက်၍ ရှန်ဟိုင်းမြို့၏ အထင်ကရ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကျောင်းသို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုဖူးမြော်ကန်တော့ကြပြီး ၂၀၁၀ Expo ရက္ခဗေဒဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ ရက်တွင် ဟူနန်ပြည်နယ် လော့ယန်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ခွင့်ပြုပေးပြီးဖြစ်သော ရွှေတိဂုံစေတီတော်ပုံတူ တည်ထားကိုးကွယ်မည့် ဝတ္တကမြေနေရာရှိသည့် ပိုင်မားစီး (မြင်းဖြူဘုရားကျောင်း) ကျောင်းတိုက်သို့သွားရောက်ကြည့်ရှုကာ မြေနေရာအခြေအနေ၊ တည်ထားကိုးကွယ်မည့် စေတီတော်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တရုတ်နိုင်ငံ၏ အစောပိုင်းကာလ ဗုဒ္ဓဘာသာ ထွန်းပထင်လင်းရာ နေရာဒေသတစ်ခုအဖြစ် ထင်ရှားသည့် လုံမင်းကျောက်လိုဏ်ဂူ ရုပ်ပွားတော်များအား သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက်နံနက်ပိုင်းတွင် လော့ယန်းမြို့မှ အထူးအမြန်ရထားဖြင့် ရှန်းစီးပြည်နယ် ရှီအန်းမြို့သို့ ထွက်ခွာခဲ့ကြပြီး ရထားလမ်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ခင်းမြေ၊ စားကျက်မြေနှင့် စိုက်ကွင်းစိုက်ကွက်များ စနစ်တကျ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် တရုတ်ပြည် ချင်မင်းဆက်က ပြုလုပ်ခဲ့သည့် သစ်သား၍စေးမံစစ်သည်တော်များ (Terra-Cotta Worriors) တူးဖော်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Terra-Cotta Museum သို့ သွားရောက်လေ့လာကြပြီး ညနေပိုင်းတွင် တရုတ်နိုင်ငံ၏သမိုင်းကြောင်းတစ်လျှောက် ရှေးအကျဆုံး လက်ရိုးတော်ဘုရားတည်ရှိရာ ဖါမင်စီဘုရားကျောင်းတော်သို့ သွားရောက်၍ ဌာပနာတိုက်အတွင်း တည်ထားကိုးကွယ်သည့် လက်ရိုးတော်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးကျော်စွာမင်းအား စပိန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြည်တွင်း ဈေးကွက်စီးပွား

ပဲမျိုးစုံဈေးကွက်တွင် ပဲစင်းငုံ(နီ) ဈေးကွက်မှအပ ကျန်ပဲမျိုးစုံဈေးကွက်များ၌ ဈေးနှုန်းများကျဆင်းခဲ့ပြီး စားသုံးဆီဈေးကွက်များနှင့် စားသောက်ကုန်ဈေးကွက်များတွင် ဈေးကွက်လိုက်၍ ဈေးနှုန်းပြောင်းလဲမှုများရှိခဲ့သည်။

မတ်ပဲ ။ ။ ယခင်အပတ်ကထက် ဈေးနှုန်းများကျဆင်းခဲ့ပြီး မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၃၈၇၆၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၃၈၅၈၀၀၊ ပြည်ဈေးကွက်တွင် ငွေကျပ် ၄၀၄၁၀၀ နှင့် ဟသ်ာတဈေးကွက်တွင် ငွေကျပ် ၄၀၄၁၀၀ တို့ဖြင့် အရောင်းအဝယ်များဖြစ်ပေါ်ခဲ့သည်။

ပဲတီစိမ်း ။ ။ မန္တလေးဈေးကွက်တွင် ပဲတီစိမ်း(တစ်တန်ဈေးနှုန်း)ငွေကျပ် ၅၄၄၄၀၀ နှင့် မုံရွာဈေးကွက်တွင် ငွေကျပ် ၄၉၂၉၀၀ တို့ဖြစ်သည်။

ပဲစင်းငုံ(နီ) ။ ။ ဈေးနှုန်းပြန်လည်ဦးမော့လာသော ဈေးကွက်ဖြစ်ပြီး မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၄၈၇၆၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၄၄၃၉၀၀၊ ပခုက္ကူဈေးကွက်တွင် ငွေကျပ် ၄၄၀၉၀၀ နှင့် ပြည်ဈေးကွက်တွင် ငွေကျပ် ၃၈၂၇၀၀ တို့ဖြစ်သည်။

ပဲဆီ ။ ။ ရန်ကုန်နှင့် ပဲခူးဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၃၅၀၀၊ မန္တလေးနှင့် တောင်ကြီးဈေးကွက်များတွင် ငွေကျပ် ၃၀၀၀၊ မကွေးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၃၂၀၀ ဝန်းကျင်နှင့် စစ်တွေဈေးကွက်တွင် ငွေကျပ် ၃၄၀၀ တို့ဖြစ်သည်။

နှမ်းဆီ ။ ။ နှမ်းဆီတစ်ပိဿာ ဈေးနှုန်းများမှာ ရန်ကုန်နှင့် တောင်ကြီးဈေးကွက်များတွင်(တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၂၇၀၀၊ မန္တလေး၊ မကွေးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၃၄၀၀ ဝန်းကျင်၊ ပဲခူးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၃၀၀၀ ခန့်အထိ ရှိခဲ့သည်။

စားအုန်းဆီ ။ ။ ရန်ကုန်နှင့် မကွေးဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၁၇၀၀ ခန့်၊ မန္တလေး၊ ပဲခူးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၁၈၀၀၊ တောင်ကြီးနှင့်စစ်တွေ ဈေးကွက်များတွင် ငွေကျပ် ၁၉၀၀ တို့ဖြင့် ပေါက်ဈေးအသီးသီးရှိခဲ့သည်။

ငရုတ်သီး ။ ။ ရန်ကုန်၊မန္တလေး၊ ပြည်၊ စစ်တွေနှင့် မြစ်ကြီးနားဈေးကွက်များတွင် ငရုတ်သီး (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၄၀၀၀၊ မကွေးနှင့် ပဲခူး ဈေးကွက်များတွင် ငွေကျပ် ၃၅၀၀၊ မုံရွာနှင့် ပခုက္ကူဈေးကွက်များတွင် ငွေကျပ် ၃၀၀၀ နှင့် တောင်ကြီးဈေးကွက်တွင် ငွေကျပ် ၄၅၀၀ အထိရှိခဲ့သည်။

ကြက်သွန်နီ ။ ။ ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ရန်ကုန်၊ မုံရွာ၊ ပခုက္ကူနှင့် ပြည်ဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၆၀၀၊ မန္တလေး၊ မကွေးနှင့် ပဲခူးဈေးကွက်များတွင် ငွေကျပ် ၇၀၀၊ တောင်ကြီးဈေးကွက်တွင် ငွေကျပ် ၈၀၀ နှင့် မြစ်ကြီးနားဈေးကွက်တွင် ငွေကျပ် ၁၃၀၀ တို့ဖြင့် အရောင်းအဝယ်များဖြစ်ပေါ်ခဲ့သည်။

ကြက်သွန်ဖြူ ။ ။ ရန်ကုန်၊ မုံရွာ၊ ပခုက္ကူနှင့် ပဲခူးဈေးကွက်များတွင် ကြက်သွန်ဖြူ(တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၂၅၀၀၊ မန္တလေး၊ ပြည်၊ တောင်ကြီးနှင့် မြစ်ကြီးနားဈေးကွက်များတွင် ငွေကျပ် ၂၀၀၀၊ မကွေးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၂၃၀၀ တို့ဖြစ်သည်။

နိုင်လင်းကြည်(ကြေးမုံ)

ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အဝတ်အထည်များလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂

ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး ပရဟိတကျောင်းသို့ ယနေ့မွန်းလွဲ ၁ နာရီတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်(နေပြည်တော်)ရှိ ဝန်ထမ်းများက ကျောင်းသုံးဗလာစာအုပ်၊ ဂျာနယ်မျိုးစုံ၊ စာရေးကိရိယာမျိုးစုံနှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းကြသည်။

သုဇနကာရီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးပရဟိတကျောင်းရှိ ကျောင်းသားဦးရေ ၈၅ ယောက်အတွက် စုစုပေါင်း ငွေကျပ်တစ်သိန်းခန့်တန်ဖိုးရှိ ကျောင်းသုံးစာအုပ်၊ ဂျာနယ်မျိုးစုံ၊ စာရေးကိရိယာမျိုးစုံနှင့် အဝတ်အထည်များကို ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဇဦးသုဇနထံ ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းပရဟိတကျောင်းရှိ မိဘမဲ့ကလေးများအတွက် လှူဒါန်းလိုသူများသည် ဖုန်း-၀၆၇-၃၆၁၃၀ နှင့် ၃၆၁၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သုဇနကာရီ နယ်စပ်ဒေသနှင့် တိုင်း ရင်း သား လူ ငယ် များ ဖွံ့ ဖြိုး ရေး ပရဟိတကျောင်းတွင် လှူဒါန်းမှုအပြီး တွေ့ရစဉ်။

(ကြေးမုံ)

၁၂၁၁ ခုနှစ်က မြို့စာရေး ဦးပိန် ဦးဆောင်ကာ စတင်တည် ဆောက် ခဲ့သော မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ ဦးပိန်တံတား၌ ကမ္ဘာလှည့် ခရီးသွား များ ဖြင့် စည်ကားလျက်ရှိ သည် ကို ဒီဇင်ဘာ ၃၁ ရက်ကတွေ့ရစဉ်။

(ဝဝ၂)

အလိမ္မာ စာမှာရှိ

စစ်ကိုင်းခြံတော်ကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

စစ်ကိုင်း ဇန်နဝါရီ ၂

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့ ခြံတော်ကြီးလမ်း (ရွှေဟသ်ာလမ်း) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် မုခ်ဦးရှေ့၌ကျင်းပရာ ကတ္တရာလမ်းသစ်ကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တု၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ ပိုးတန်းရပ်ကွက်လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပေ ၉၆၀ ကတ္တရာလမ်းခင်းပေးခဲ့ပြီး ကျန် ၆၁၅ ပေကို ရပ်ကွက်နေပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဆက်လက် ကတ္တရာခင်းနိုင်ခဲ့ကြောင်း သိရသည်။ (၅၃၁)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂

ဦးမောင်မောင်ဦး (EFR Group) သည် ကစားဖော်များဖြစ်ကြသော ဦးဇော်ဂျီအေး၊ ဦးကျော်ကျော်ထူး (Myanmar Speed Mark) တို့နှင့်အတူ ဒီဇင်ဘာ ၂၉ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Callaway HX Tour No(1) ဘောလုံးကို Taylarmade (R7) Iron No(9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၉) ရက်မြောက်နေ့

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော်　ဇန်နဝါရီ　၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၉) ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေးသည်။

ပြည်တွင်းပြည်ပရတနာကုန်သည်များသည် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြသည့်အပြင် ခန်းမပထမထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များမှ ရတနာပစ္စည်းများကိုလည်း ကြည့်ရှုလေ့လာဝယ်ယူကြသည်။

ပြည်တွင်းပြည်ပရတနာကုန်သည်များ အဆင်ပြေလွယ်ကူစွာ ကြည့်ရှုလေ့လာဝယ်ယူနိုင်ရေးအတွက် ပြပွဲကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၂၉ တွဲရောင်းချရပြီး ပြပွဲကာလအတွင်း ကျောက်စိမ်းအတွဲ စုစုပေါင်းအတွဲ ၈၂၅၀ ရောင်းချရသည်။ ပြပွဲကို ဇန်နဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သေဆုံးခဲ့သူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၂

မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ကူးတို့ဆိပ်လမ်းရှိ ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သေဆုံးခဲ့သူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်စမ်းစမ်းဝေနှင့် တိုင်းရင်းသားရေးရာဌာနကြီးခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့**(ယာပုံ)**တို့က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ပစ္စည်းများ၊ ဦးနေဝင်းလှိုင်-ဒေါ်ခင်ထွေးရီ၊ သား- မောင်ထက်အောင်လှိုင်ဝင်းမိသားစုက အလှူငွေကျပ် ၁၆ သိန်းနှင့် Delight Engineering Co., Ltd. က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက လက်ခံသည်။

ဒီဇင်ဘာ ၃၁ ရက်ကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်စမ်းစမ်းဝေက သေဆုံးမီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအတွက် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ငါးသိန်း၊ ဒေါ်မျိုးမျိုးက သေဆုံးမီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအတွက် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ငါးသိန်းနှင့် ဒေါ်ခင်မြဝင်းက အလှူငွေနှင့် စားစရာများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဝင်ငွေအကောင်းဆုံး သရုပ်ဆောင်အဖြစ် ဘရက်ဒ်ပစ်နံပါတ်တစ်နေရာတွင် ရပ်တည်

အေဝမ်းစိုး

ရုပ်ရှင်ရုံပိုင်ရှင်များ၏ နှစ်စဉ်ကောက်ယူခဲ့သော စစ်တမ်းအရ ၂၀၁၁ ခုနှစ်၏ ဝင်ငွေအကောင်းဆုံး သရုပ်ဆောင်အဖြစ် ဟောလိဝုဒ်မင်းသား ဘရက်ဒ်ပစ် **(အပေါ်ပုံ)** က နံပါတ်တစ်နေရာတွင် ရပ်နိုင်ခဲ့သည်။

ဘရက်ဒ်ပစ်သည် ၂၀၁၁ ခုနှစ်အတွင်း Moneyball၊ The Tree of Life နှင့် Happy Feet Two ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၎င်းနောက် နံပါတ်နှစ်နေရာတွင် The Ides of March နှင့် The Descendants ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသား ဂျော့ကလူနေး၊ နံပါတ်သုံးနေရာတွင် ယခင်နှစ်က နံပါတ်တစ်နေရာတွင် ရပ်တည်နိုင်ခဲ့သူ မင်းသား ဂျွန်နီဒက်ပ်၊ နံပါတ်လေးနေရာတွင် J.Edgar ဇာတ်ကားမှ မင်းသား လီယိုနာဒိုနှင့် နံပါတ်ငါးနေရာတွင် မင်းသား မတ်ဒါမွန်တို့က အသီးသီးရပ်တည်လျက်ရှိသည်။

ဆက်လက်၍ အဆိုပါစာရင်းတွင် နံပါတ်ခြောက်နေရာတွင် အော်စကာဆုရမင်းသမီး ဆန်ဒရာ ဘူးလ်လော့ခ်၊ နံပါတ်ခုနစ်နေရာတွင် မင်းသား ဘရက်ဒ်လီကူးပါး၊ နံပါတ်ရှစ်နေရာတွင် မင်းသား ရောဘတ်ဒွန်နေး၊ နံပါတ်ကိုးနေရာတွင် အကယ်ဒမီဆုရမင်းသမီး မာရီလ်စထရိ(ပ်)နှင့် နံပါတ် ၁၀ နေရာတွင် မင်းသား ဘန်စတီလာတို့က အသီးသီးရပ်တည်လျက်ရှိကြသည်။ ***အင်တာနက်။***

နေအိမ်သမံတလင်းကြမ်းပြင် အပူလွန်ကဲမှု ထူးခြားစွာ ဖြစ်ပေါ်

ရန်ကုန်　ဇန်နဝါရီ　၂

နေအိမ်အတွင်းရှိ သမံတလင်းခင်းထားသော ကြမ်းပြင်ရုတ်တရက်နာရီပေါင်းများစွာ အပူလွန်ကဲလာသောဖြစ်စဉ်တစ်ခု ဒေါပုံမြို့နယ်တွင် ဇန်နဝါရီ ၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် (၃)လမ်းရှိ ဦးညီညီလွင်ပိုင် အိမ်အမှတ် (၃၉/က) တွင် ယနေ့ နံနက် ၁၀ နာရီခန့်မှစတင်ကာ အိမ်ရှေ့ခန်း နံရံကွန်ကရစ်တိုင် အောက်ခြေရှိ သမံတလင်းကြမ်းခင်းသည် ရုတ်တရက် ပူပြင်းလာ၍ အိမ်ရှင်က သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများမှ လာရောက်စစ်ဆေးရာတွင် အဆိုပါ သမံတလင်းကြမ်းခင်း၏ သုံးပေပတ်လည်ခန့်နေရာတွင် အပူချိန်ပြင်းထန်စွာဖြစ်ပေါ်နေကြောင်း သိရပြီး မည်သည့်အကြောင်းကြောင့် ထိုကဲ့သို့ အပူလွန်ကဲရခြင်းဖြစ်ရသည်ကို ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

"ဒီအိမ်မှာ အခုအပူချိန်ဖြစ်ပေါ်နေတဲ့ အိမ်နံရံတိုင်အောက်ခြေမှာရှိတဲ့ သမံတလင်းကြမ်းခင်းအောက်မှာ Earth ကြိုး (မြေကြီးမှ လျှပ်စစ်အမဓာတ်ကို ယူသောကြိုး) မြှုပ်ထားပါတယ်။ ပြီးတော့ ဘက်ထရီအိုးလုပ်ငန်းကိုလည်း နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ပါတယ်။ မကြာခင်က မင်္ဂလာတောင်ညွန့်မြို့နယ်က ပေါက်ကွဲမှုကြောင့်ဖြစ်ခဲ့တဲ့ မြေတုန်ခါမှုက ဒီနေရာအထိ သက်ရောက်ခဲ့ပါတယ်။ ဒါကြောင့် လျှပ်စစ်နှင့် ဘက်ထရီအိုးလုပ်ငန်းက စွန့်ပစ်ပစ္စည်းတွေ ပူးပေါင်းဓာတ်ပြုပြီး အပူဓာတ်ဖြစ်ပေါ်လာတယ်" ဟု အဆိုပါအိမ်ကို စစ်ဆေးခဲ့သူ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

ထိုဖြစ်ရပ်မဖြစ်ပွားမီ ၎င်းအိမ်တွင်း၌ မင်္ဂလာတောင်ညွန့်ရှိ ပေါက်ကွဲမီးလောင်ခဲ့သော မေတ္တာညွန့်ဂိုဒေါင်များမှ ကျန်ရှိခဲ့သော ကြွေထည်ပစ္စည်းများကို ထုပ်ပိုးခြင်းလုပ်ငန်းများ လုပ်ကိုင်နေသော်လည်း ထိုကဲ့သို့ ကြမ်းပြင်အပူလွန်ကဲစွာဖြစ်ပေါ်ခဲ့ခြင်းမှာ ထိုပစ္စည်းများနှင့် မသက်ဆိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး အဆိုပါကြမ်းခင်း အပူလွန်ကဲမှုဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီခန့်မှ ညနေ ၄ နာရီခန့်အထိ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သီဟသူ)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းများ တိုးမြှင့်ဖမ်းဆီးခွင့်ကြောင့် တိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းလာ

ရန်ကုန်　ဇန်နဝါရီ　၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပင်လယ်ပြင်ငါးဖမ်းဆီးခွင့်ပြုရက်ကို ရက် ၉၀ အထိ တိုးမြှင့်ခွင့်ပြုခဲ့ခြင်းကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများ ဖြစ်လာကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၁ ခုနှစ် ငါးလုပ်ငန်းဆိုင်ရာ အခြေအနေများအပေါ် သုံးသပ်တင်ပြချက်များနှင့် ပတ်သက်၍ ၎င်းက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းအနေဖြင့် အသင်းဝင်ငါးဖမ်းသင်္ဘောများသည် မိုးကာလတွင် ရာသီဥတုအခြေအနေကြောင့် ငါးဖမ်းဆီးရက်နည်းခြင်း၊ ငါးအထိအမိလျော့နည်းခြင်းစသော အခက်အခဲများကြောင့် ငါးဖမ်းစရိတ်နှင့် ရငွေတို့မှာ အမြတ်မရှိဘဲ အရင်းသာကျန်ရှိခြင်း စသောအခက်အခဲများကို ရင်ဆိုင်တွေ့ကြုံခဲ့ရကြောင်း၊ မိုးရာသီကုန်ဆုံး၍ ပင်လယ်ပြင်တွင် ရာသီဥတုကောင်းမွန်ခဲ့ကာ ငါးဖမ်းဆီးရက်ကို အပြည့်အဝအသုံးချနိုင်ခြင်း၊ ငါးအထိအမိကောင်းခြင်း၊ ငါးကြီးငါးကောင်းများ ပိုမိုရရှိလာခြင်း၊ ရလာသည့်ငါးများကို လေလံဈေးပိုမိုပေး၍ ဝယ်ယူခံရခြင်း၊ ဒီဇယ်ဆီဈေးနှုန်းများ တည်ငြိမ်မှုရခဲ့ခြင်းတို့ကြောင့် အားသာချက်များ ရရှိခဲ့ပြီး ယခုအခါ သင့်တင့်သော အကျိုးအမြတ်များလည်း ရရှိလာခဲ့ကြောင်း သိရသည်။

(၆၈၀)

မင်္ဂလာတောင်ညွန့် စက်ဆန်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန်　ဇန်နဝါရီ　၂

အရှိန်ပြင်းစွာမောင်းနှင်လာသော မော်တော်ယာဉ်က လမ်းဘေးရှိဓာတ်တိုင်အားဝင်တိုက်ရာမှ ယာဉ်ခေါင်းခန်းအတွင်း လိုက်ပါလာသူများ အပြင်းအထန် ဒဏ်ရာရရှိမှုဖြစ်စဉ်တစ်ခု မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဇန်နဝါရီ ၁ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးပေါ်တွင် မွန်းလွဲ ၁ နာရီခွဲ၌ တောင်မှမြောက်သို့ ယာဉ်မောင်း ခင်မောင်ဝင်း (၄၀)နှစ် မောင်းနှင်လာသော ကွန်တင်နာဘောက်(စ်) ယာဉ်သည် စက်ဆန်းဓာတ်ဆီ ဆိုင်ရှေ့သို့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းပေါ်ရှိ Double Pole - ၆၆ ကေဗွီဓာတ်တိုင်အား ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

၎င်းယာဉ်တိုက်မှုကြောင့် မော်တော်ယာဉ်ခေါင်းခန်းတွင် လိုက်ပါလာသူ ကိုဝင်းချို (၃၈)နှစ်မှာ ယာဘက်ပေါင်ကျိုးဒဏ်ရာနှင့် ကိုထွန်းထွန်းနိုင် (၃၁)နှစ်မှာ ယာဘက်ခြေချင်းဝတ်ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါ ယာဉ်ကားခေါင်းပိုင်း ပျက်စီးခြင်းနှင့် ဓာတ်တိုင်အောက်ခြေ ပျက်စီးမှုများဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း ခင်မောင်ဝင်း ကမာကဆစ်ရပ်ကွက် ဒလမြို့နယ်နေသူအား မဆင်မခြင်ယာဉ်မောင်းနှင်မှုနှင့် သူတစ်ပါး ထိခိုက်ဒဏ်ရာရစေမှုများအပြင် ပြည်သူပိုင်ပစ္စည်း ပျက်စီးစေမှုများဖြင့် သက်ဆိုင်ရာဌာနများမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၄၉)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ
မသုံးရ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါး

အားသစ် မာန်သစ် - နိုင်ငံသစ်

ရန်ကြီးအောင်

"အားသစ် မာန်သစ်၊ နိုင်ငံသစ်
မော်ကွန်းတွင်ရစ်၊ သည်တစ်ခေတ်
စာမျက်နှာသစ်၊ နှစ်ထောင့်တစ်ဆယ့်နှစ်"

မင်္ဂလာရှိသော တိုးတက်ပြောင်းလဲမှုများဖြင့် ထုံမွမ်းအပ်သော ၂၀၁၁ ခုနှစ်သည်ကား စိတ်အားတက်ကြွမှု၊ ကြည်လင်လန်းဆန်းမှုများဖြင့် ပြီးဆုံးသွားခဲ့လေပြီ။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယသည်ကား နိုင်ငံသမိုင်းတွင် မော်ကွန်းတင်ရစ်မည့် ခေတ်သစ် တစ်ခေတ်၏ ပထမဆုံး နှစ်သစ်မုခ်ဦးဟု ဆိုနိုင်ပေလိမ့်မည်။

၂၀၁၁ ခုနှစ်သည် ခေတ်ဟောင်းနှင့် ခေတ်သစ် အကူးအပြောင်းကာလဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့်နောက်ပိုင်း နှစ်ပေါင်း ခြောက်ဆယ်ကျော်ကာလအတွင်း ၂၀၁၁ ခုနှစ်လောက် ထူးခြားသည့် အပြောင်းအလဲများ၊ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများနှင့် ပြည့်လျှမ်းသည့် နှစ်ကာလမျိုး ရှားလှသည်။ မြန်မာပြည်သူများသာမက ကမ္ဘာတစ်ဝန်းကပင် ရင်သပ်ရှုမော အံ့သြရလောက်အောင် ထူးထူးကဲကဲ ပြောင်းလဲမှုများဖြစ်သည်။

သို့သော် သေသေချာချာ ရှာဖွေစေ့ငု၊ လေ့လာမှုပြုတတ်သည့် သုတေသီများအတွက်မူ ၂၀၁၁ ခုနှစ်တွင် ထွက်ပေါ်လာခဲ့သည့် မြန်မာအစိုးရသစ်သည် စတင်တာဝန်ယူခဲ့ချိန်ကပင် ရှေ့ဆက်လုပ်ဆောင်သွားမည့် မူဝါဒလမ်းစဉ်နှင့် လုပ်ငန်းတာဝန်ရည်မှန်းချက်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့ပြီး ပြောသည့်အတိုင်း ဖြစ်မြောက်အောင်မြင်အောင် ခွန်စိုက်အားစိုက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်ကိုလည်း အထင်အရှား တွေ့နိုင်သည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ရက်နေ့မှ အစပြု၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်မည့် မူဝါဒလမ်းစဉ်များ၊ လုပ်ငန်းတာဝန်များကို ချမှတ်ဖော်ဆောင် လုပ်ကိုင်ခဲ့ကြရာမှ ကာလတိုအတွင်းမှာပင် အများမထင်မှတ်၊ မမျှော်လင့်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆယ်လပင်မပြည့်သည့် အချိန်ကာလအတွင်း ဇယ်ဆက်သကဲ့သို့ အစီအရီ တစဉ်တတန်းကြီး ဖြစ်ထွန်းလာခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအနက်မှ ပဲ့ကိုင်ခေါင်းချုပ်ဟုဆိုနိုင်သည့် နိုင်ငံရေးအပိုင်းမှ ပြုပြင်ပြောင်းလဲဖော်ဆောင်မှုများကို လေ့လာတင်ပြလိုပါသည်။

တစ်ဆစ်ချိုးအပြောင်းအလဲ၏ မောင်းနှင်အား

နိုင်ငံရေးကဏ္ဍတွင် တစ်သွေးတစ်သံ တစ်မိန့်အာဏာပိုင် တပ်မတော်အစိုးရအဖြစ် အုပ်ချုပ်နေရာမှ နှစ်ပိုင်းလပိုင်းအတွင်း ရွေးကောက်ပွဲကျင်းပကာ ရွေးကောက်ခံအစိုးရတစ်ရပ်တင်မြှောက်ခဲ့ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သစ်သို့ ပီပီပြင်ပြင်စတင်ပြောင်းလဲကျင့်သုံးခဲ့သောအခါ နိုင်ငံတကာအသိုက်အဝန်းမှ လေ့လာသူအတော်များများ မျက်စိလည်သွားခဲ့ကြသည်။

ဤသို့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးပြောင်းလဲသွားခဲ့ခြင်း၏ နောက်ကွယ်မှ အကြောင်းတရားများကား အဘယ်နည်းဟု အမေးတကော မေးခွန်းထုတ်လာခဲ့ကြသည်။ စင်စစ်၌ ယခုကဲ့သို့ နိုင်ငံရေးစနစ် တစ်ဆစ်ချိုးပြောင်းလဲသွားခြင်းသည် မမျှော်လင့်ဘဲ ရုတ်တရက် ပေါ်ပေါက်လာသော ကြုံကြိုက်မှုတရားမဟုတ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရက ရှေ့လုပ်ငန်းစဉ်မူဝါဒ ခုနစ်ရပ်ဖြင့် ချမှတ်လုပ်ဆောင်ခဲ့သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၏ အကျိုးဆက်သာဖြစ်ချေသည်။

တပ်မတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံရေးအုတ်မြစ်အခြေခံသာမက စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌လည်း အခြေခံကောင်းများကို ချမှတ်ထူထောင်ပေးခဲ့သည်။

ထို့ပြင် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လျက်ရှိသော ဒီမိုကရေစီအလှည့်အပြောင်း၌ အီရတ်နှင့် အာဖဂန်နစ္စတန်တို့ကဲ့သို့ ပြင်ပမှအတင်းအကျပ်သွတ်သွင်းခံလိုက်ရသည့် ဒီမိုကရေစီသွတ်သွင်းခံ နိုင်ငံများ၊ အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်၊ ဘာရိန်းတို့ကဲ့သို့ အောက်ခြေကလှုန်၍အုပ်စိုးသူကို အင်အားသုံးဖြုတ်ချပြောင်းလဲရန် ကြိုးစားခဲ့ကြသည့် ဒီမိုကရေစီ မြေလှန်ပြောင်းလဲရေး အာရပ်နွေဦး၏ လေရူးထန်နေသော နိုင်ငံများ၏ မတည်မငြိမ်သွေးထွက်သံယိုမြင်ကွင်းအခြေအနေများနှင့်နှိုင်းယှဉ်ပါက အတိုင်းအတာတစ်ရပ်အထိ တည်တည်ငြိမ်ငြိမ် အောင်အောင်မြင်မြင် အေးအေးချမ်းချမ်း ပြောင်းလဲပေးနိုင်ခဲ့သော တပ်မတော်အစိုးရ၏ လုပ်ရပ်နှင့် နိုင်ငံအပေါ် ထားရှိသည့်စေတနာကို အသိအမှတ်ပြုကြရမည်သာဖြစ်သည်။

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး ဦးစားပေးကြိုးပမ်းခဲ့သည်

အစိုးရသစ်၏ ကိုးလတာကာလအတွင်း ကမ္ဘာ့အဆင့်အထိ လူသိထင်ရှားအဖြစ်ဆုံးနှင့် အသိအမှတ်ပြုခံရဆုံးလုပ်ရပ်မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေး

ကာ နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

အစိုးရသစ်တက်ရောက်လာခဲ့ပြီးနောက် ၂၅-၇-၂၀၁၁ ရက်နေ့မှ ၁၂-၈-၂၀၁၁ ရက်နေ့အတွင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ သုံးကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ၁၉-၈-၂၀၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အဆင့်အထိ ရောက်ရှိလာခဲ့ခြင်းမှာ လျင်မြန်စွာ တိုးတက်ပေါက်မြောက် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်၍ ပြည်တွင်းပြည်ပမှ

မထင်မှတ် မမျှော်လင့်ထားသော ကိစ္စအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

"စေတနာမှန်လျှင် ရောင်ပြန်ဟပ်တတ်သည်" ဟူသော ဆိုရိုးစကားအတိုင်း နှစ်ဦးနှစ်ဖက် စိတ်ရင်းစေတနာမှန်ဖြင့် ယုံကြည်နိုင်ခဲ့ကြခြင်း၏ အကျိုးဆက်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ကာ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြခြင်းသည်လည်း ကမ္ဘာတွင်ရော မြန်မာ၌ပါ ပြောစမှတ်ပြုကြရမည့် နောက်ထပ်ထူးခြားအောင်မြင်မှုတစ်ရပ် ဖြစ်ခဲ့ရပြန်သည်။

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးကြိုးပမ်းမှုတွင် နောက်ထပ်သိသာထင်ရှားသောလုပ်ရပ်မှာ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ခံစားနေကြရသော နိုင်ငံသားများအား ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့် နှစ်ကြိမ်ထုတ်ပြန်ကြေညာပေးခဲ့ခြင်းဖြစ်သည်။ လွတ်မြောက်လာကြသူ နိုင်ငံသားများ၏ ကာယအား၊ ဉာဏအားတို့ဖြင့် နိုင်ငံတော်သစ် ကြိုးပမ်းတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် မိမိတို့အားသန်ရာ ကဏ္ဍအသီးသီးမှ ပါဝင်ဖြည့်ဆည်းထောက်ကူပေးနိုင်ကြပေတော့မည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း အားသွန်ကြိုးပမ်းခဲ့သည်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ အမြင်နှင့် လမ်းစဉ်မူဝါဒများမှာ ရှင်းလင်းပြတ်သား ကြည်လင်လှသည်။ ၃၀-၃-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်၌ ပြောကြား

ခဲ့သည့် သမ္မတကြီး၏မိန့်ခွန်းပါ ပြော
ဥပဒေကို လက်မခံနိုင်သေးသည့် ဥပဒေ
ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည
တည်ဆောက်နိုင်ရေးအတွက် ခေ့စပ်
ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးကြရာ
အဖွဲ့အစည်းအလိုက် နိုင်ငံတော်ဘက်
ကျွမ်းကျင်နားလည်သည့် လွှတ်တော်
အဆင့်၊ ပြည်ထောင်စုအဆင့် ဝန်ကြီ
လှယ်အဖွဲ့များအဖြစ် ဖွဲ့စည်း၍ တွေ့

**ထိုသို့ဆွေးနွေးကြရာ၌ ပြည်နယ်
လွှတ်တော်အဆင့်ဟူ၍ အဆင့်သုံး
စီစဉ်ထားသည်။ ပြည်နယ်အဆင့်တွင်
ချမ်းရေးဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်အ
ရယူခြင်းဖြစ်ပြီး ပြည်ထောင်စုအဆင့်
ဖြေရှင်းမှုများ ဆောင်ရွက်ရန်ဖြစ်
တစ်ဖွဲ့ချင်းတွေ့ဆုံညှိနှိုင်းသဘောတူညီ
လက်နက်ကိုင်အဖွဲ့ပေါင်းစုံကို လွှတ်
တူညီချက်ရအောင် ဆွေးနွေးကြမည်၊
ပြင်ဆင်ပေးမည်၊ နောက်ဆုံးတွင်
ပြီးပြည့်စုံသော အဆုံးသတ်သဘောတူ
လွှတ်တော်တွင်း၌ တရားဝင်ချုပ်ဆိုကြ
များအနေဖြင့်လည်း မိမိတို့ဆန္ဒအလေ
အသွင်ပြောင်းလဲဖွဲ့စည်း လုပ်ဆောင်**

အဆိုပါအဆင့်သုံးဆင့်ဖြင့် လျ
အစိုးရနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်
သားလက်နက်ကိုင် အဖွဲ့ပေါင်း ၁၀

**နိုင်ငံတော်သမ္မတ ဦးသိန်းစိ
နိုင်ငံ သမ္မတ မစ္စတာ ဟူကျင်
သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အ**

ရေးဆွေးနွေးခဲ့ရာတွင် ကချင်လက်နက်
နှင့် တစ်စုံတစ်ခုသော အတိုင်းအ
အောင်မြင်ခဲ့ပြီး အဖွဲ့ လေးဖွဲ့ခန့်မှာ ပြ
တူညီချက်ရရှိခဲ့ပြီဖြစ်သည်။ ယင်းတို့
DKBA)အဖွဲ့နှင့် အထူးဒေသ(၄)အ
ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်လှမ်း
မှာလည်း ဆွေးနွေးမှုများ အရှိန်ရစပြ
ဘက်ကုန်းပြင်မြင့်တစ်လျှောက် ယခ
ခဲ့သည့် ဒေသများစွာတွင် သေနတ်
ချိုးကူသံများကို သာယာနာပျော်ဖွယ်

နယ်မြေအေးချမ်းလာသည့်အ
နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါအ
အတွက် စက်မှုဇုန်များ၊ အထူးစီးပွား
ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊
ဘဝမြင့်မားရေး ဆောင်ရွက်ပေးခြင်း
သက်သက်မဟုတ် အလုပ်နှင့်သက်သေ

သို့ရာတွင် အရာခပ်သိမ်း၌
သဲလဲစင်မဖြစ်နိုင်သည့် ဓမ္မတာအတို
ယနေ့ထက်တိုင် ပစ်သံခတ်သံတို့က

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 4th GMS Summit သို့ GMS နိုင်ငံ အကြီးအကဲများ ဤသို့ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ခဲ့သည့် သမ္မတကြီး၏မိန့်ခွန်းပါ ပြောကြားချက်များနှင့်အညီ အခြေခံဥပဒေကို လက်မခံနိုင်သေးသည့် ဥပဒေတွင်း၊ ဥပဒေပြင်ပမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးကြရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းအလိုက် နိုင်ငံတော်ဘက်မှ နယ်မြေနှင့် လူထုအကြောင်း ကျွမ်းကျင်နားလည်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများကို ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များအဖြစ် ဖွဲ့စည်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးကြရာ၌ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် လွှတ်တော်အဆင့်ဟူ၍ အဆင့်သုံးဆင့်ထားရှိ၍ ဆွေးနွေးသွားရန် စီစဉ်ထားသည်။ ပြည်နယ်အဆင့်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်အတွက် ကနဦးသဘောတူညီချက်ရယူခြင်းဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ရန်ဖြစ်သည်။ ပြည်ထောင်စုအဆင့် တစ်ဖွဲ့ချင်းတွေ့ဆုံညှိနှိုင်းသဘောတူညီမှုများ ရရှိပြီးပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံကို လွှတ်တော်၌ ဖိတ်ကြား၍ ဘုံသဘောတူညီချက်ရအောင် ဆွေးနွေးကြမည်၊ လိုအပ်ပါက အခြေခံဥပဒေကို ပြင်ဆင်ပေးမည်၊ နောက်ဆုံးတွင် ထာဝရငြိမ်းချမ်းရေးအတွက် ပြီးပြည့်စုံသော အဆုံးသတ်သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စုလွှတ်တော်တွင်း၌ တရားဝင်ချုပ်ဆိုကြမည်။ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ဆန္ဒအလျောက် နိုင်ငံရေးပါတီများအဖြစ် အသွင်ပြောင်းလဲဖွဲ့စည်း လုပ်ဆောင်သွားနိုင်ကြမည် ဖြစ်သည်။

အဆိုပါအဆင့်သုံးဆင့်ဖြင့် လျာထားသတ်မှတ်ပြီး နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်း ၁၀ ဖွဲ့နှင့် ဆက်သွယ်ကာ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ရာတွင် ကချင်လက်နက်ကိုင်အဖွဲ့မှလွဲ၍ ကျန်အဖွဲ့များနှင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အဆင်ပြေချောမွေ့အောင်မြင်ခဲ့ပြီး အဖွဲ့ လေးဖွဲ့ခန့်မှာ ပြည်နယ်အဆင့် ပဏာမသဘောတူညီချက်ရရှိခဲ့ပြီဖြစ်သည်။ ယင်းတို့အနက်မှ ကလိုထူးဘော(ယခင် DKBA)အဖွဲ့နှင့် အထူးဒေသ(၄)အဖွဲ့တို့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ကျန်အဖွဲ့များမှာလည်း ဆွေးနွေးမှုများ အရှိန်ရစပြုနေပြီဖြစ်ရာ မြန်မာနိုင်ငံအရှေ့ဘက်ကုန်းပြင်မြင့်တစ်လျှောက် ယခင်က ပစ်သံခတ်သံများ ဆူညံနေခဲ့သည့် ဒေသများစွာတွင် သေနတ်သံကင်းဆိတ်ကာ ငြိမ်းချမ်းရေးချိုးကူသံများကို သာယာနာပျော်ဖွယ် ကြားလာရပြီဖြစ်သည်။

နယ်မြေအေးချမ်းလာသည့်အလျောက် အဆိုပါ ဒေသများတွင် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ထူထောင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံလူထု၏ ဝင်ငွေနှင့် လူမှုဘဝမြင့်မားရေး ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို အပြောသက်သက်မဟုတ် အလုပ်နှင့်သက်သေပြကာ ဖော်ဆောင်လျက်ရှိသည်။

သို့ရာတွင် အရာခပ်သိမ်း၌ ပြီးပြည့်စုံကာ ခြောက်ပြစ်ကင်းသဲလဲစင်မဖြစ်နိုင်သည့် ဓမ္မတာအတိုင်း ကချင်ပြည်နယ်ဘက်တွင်မူ ယနေ့ထက်တိုင် ပစ်သံခတ်သံတို့က ပြိုးပြိုးပြောက်ပြောက် ကြားနေရဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရဘက်မှမူ တိုင်းရင်းသားညီအစ်ကိုနောင်ဖွားအချင်းချင်းဟူသော စိတ်ဓာတ်ဖြင့် စိတ်ရှည်သည်းခံကာ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းလျက်ရှိသည်။ ကချင်လူထုအပါအဝင် မြန်မာပြည်သူတို့၏ သဘောထားဆန္ဒနှင့်အညီ ၁၀-၉-၂၀၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးက မြစ်ဆုံတမံစီမံကိန်းကို ရပ်ဆိုင်းပေးခဲ့သည်။ ၁၀-၁၂-၂၀၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတက မြန်မာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား မိမိကိုယ်ကိုခုခံကာကွယ်ရန်မှလွဲ၍ ထိုးစစ်ဆင်တိုက်ခိုက်ပစ်ခတ်မှုများ မပြုလုပ်ရန် လမ်းညွှန်ခဲ့သည်။ ထို့အပြင် စစ်ဘေးဒဏ်ကြောင့် နိုင်ငံတော်အစိုးရ ထိန်းချုပ်ထားသည့် မြို့ရွာနယ်ပယ်များသို့ တိမ်းရှောင်လာသူများသာမက တစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းလှုပ်ရှားသည့် နယ်မြေအတွင်း၌ ကျန်ရှိနေသည့် ဒေသခံတိုင်းရင်းသားဒုက္ခသည်များအတွက်ပါ ရိက္ခာ၊ ဆေးဝါးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးပရဟိတအဖွဲ့အစည်းများ ပူးပေါင်းလျက် ပို့ဆောင်ပေးခဲ့သည်။ ဤသို့ စိတ်ရင်းစေတနာအမှန် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စိတ်ရှည်သည်းခံကာ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကမ်းလှမ်းမှုများအား အနေးနှင့်အမြန် သဘောပေါက်နားလည်ကာ တုံ့ပြန်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုသို့ ဦးတည်

"အစိုးရအဖွဲ့သစ်၏ အရေးကြီးသော လုပ်ငန်းစဉ်မှာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရပေါ်ပေါက်လာအောင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်၊ ဩစတြေးလျတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံတို့မှ အထူးကိုယ်စားလှယ်များ၊ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် EAST ASIA SUMMIT တွင် တွေ့ဆုံကြစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

❖ ဥမကွဲ သိုက်မပျက်၊ လက်ချင်းဆက်၍
ရာသက်ပန်လုံး၊ တပြုံးပြုံးဖြင့်
စည်းလုံးချစ်ကြည်၊ ပြည်သစ်တည်အံ့
မြန်ပြည်အနာဂတ်လှစေသတည်း။

❖ ခိုင်မြဲပြည်ထောင်စု၊ ညီညွတ်မှုသည်
ကျောက်ထု ကျောက်သား၊ စုစည်းထားသို့
ကြီးမားသတိ၊ ဉာဏ်မျက်စိဖြင့်
ကဝိပေါင်းချုပ်၊ စွမ်းအားထုတ်၍
အချုပ်အခြာ၊ မြတ်အာဏာကို
ကမ္ဘာဆုံးတိုင် တည်စေမည်။

❖ ဒီမိုကရေစီ၊ ခေတ်သစ်ဆီဝယ်
ပြည်သူပြည်သား၊ သွေးချင်းများ၏
စီးပွားဘဝ၊ ဖွံ့ဖြိုးရအောင်
လျှော့ချဆင်းရဲခြင်း၊ ကြိုးပမ်းခြင်းဖြင့်
သန့်ရှင်းခိုင်မာ၊ အုပ်ချုပ်သာအောင်
ဝိုင်းကာဝန်းကာ ဆောင်ရွက်မည်။

❖ ဒီမိုကရေစီ၊ ကျင့်စဉ်ပီ၍
ညီညွတ်စိတ်ထား၊ အမျိုးသားတို့
ရင်ကြားစေ့ရေး၊ ချင့်မြော်တွေး၍
ငြိမ်းအေးချမ်းသာ၊ ဖွံ့ဖြိုးလာအောင်
သူငါအသိ၊ မြဲသတိဖြင့်
တည်ရှိဥပဒေ၊ ခိုင်မာစေဖို့
ဒို့တွေ ပူးပေါင်းဆောင်ရွက်မည်။

❖ ဘိုးဘွားအမွေပေး၊ လွတ်လပ်ရေးကို
လေးစားမြတ်နိုး၊ ချစ်စိတ်တိုး၍
အမျိုးသားရေး၊ ငြိမ်းချမ်းရေးတွက်
နွေးထွေးလက်များ၊ စုပေါင်းအားဖြင့်
ဒို့များကွယ်ကာ၊ စောင့်ရှောက်ပါမည်
သာယာမြန်ပြည် ဖြစ်စေသတည်း ...။

တက္ကသိုလ်ညိုညိုသန့်

၂၀၁၁ ခုနှစ်သည် ခေတ်ဟောင်းနှင့် ခေတ်သစ် အကူးအပြောင်းကာလဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့်နောက်ပိုင်း နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလအတွင်း ၂၀၁၁ ခုနှစ်လောက် ထူးခြားသည့် အပြောင်းအလဲများ၊ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနှင့် ပြည့်လျှမ်းသည့် နှစ်ကာလမျိုးရှားလှသည်။ မြန်မာပြည်သူများသာမက ကမ္ဘာတစ်ဝန်းကပင် ရင်သပ်ရှုမော အံ့ဩရလောက်အောင် ထူးထူးကဲကဲ ပြောင်းလဲမှုများဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၁၉-၈-၂၀၁၁ ရက်က တွေ့ဆုံကြစဉ်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

★ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး။

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်း လျော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင်ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

★ မှန်ကန်သောဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေ စိုးမိုးမှုပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

◆စာမျက်နှာ ၉ မှ

ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်ရန်ဖြစ်ကြောင်း”၊ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအား ၃၀-၃-၂၀၁၁ ရက်နေ့တွင် မိန့်ကြားခဲ့သည်။ ထိုသို့ဖြစ်စေရန်အတွက် လုပ်ငန်းများသည် ပွင့်လင်းမှု၊ တာဝန်ခံမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိရမည် ဖြစ်သကဲ့သို့ ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားကာ အားလုံးပါဝင်နိုင်မှုရှိပြီး သွက်လက်ထိရောက်မှု ရှိရမည်ဖြစ်ကြောင်းကိုလည်း တစ်ဆက်တည်း မိန့်ကြားခဲ့သည်။

အစိုးရအဖွဲ့၏ ဒုတိယလုပ်ငန်းစဉ်မှာ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေးပင်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိနေပြီဖြစ်သကဲ့သို့ ယင်းအခြေခံဥပဒေမှ ပေါ်ထွက်လာသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်မှာလည်း အပြန်အလှန်စစ်ဆေးထိန်းညှိမှုများဖြင့် သက်ဝင်လှုပ်ရှားလာပြီဖြစ်သည်။

ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ ဌာနဆိုင်ရာများတွင် ငွေကြေးနှင့်စပ်ဆိုင်သော ရောင်းချထုခွဲဝယ်ယူမှုများ၌ အိတ်ဖွင့်တင်ဒါစနစ်ကျင့်သုံးခြင်း၊ သန့်ရှင်းသောအစိုးရဖြစ်ရေးအတွက် လာဘ်ပေးလာဘ်ယူအဂတိလိုက်စားမှုများကို အရေးယူခြင်း စသည်တို့ကို တွေ့လာရသည်။

ပြည်သူလူထု၏ဆန္ဒသဘောထားကို အလေးထားမှုနှင့်ပတ်သက်၍ အထင်ရှားဆုံးနှင့် လူသိအများဆုံးကိစ္စမှာ မြစ်ဆုံတမံ ရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီကျင့်စဉ်နှင့်ပတ်သက်၍ အခြေခံဥပဒေပါ နိုင်ငံသားတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ အကာအကွယ်ပေးနိုင်ရန် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်မှာ မှတ်သားဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်သည်။ အာဆီယံအသင်းဝင် ဆယ်နိုင်ငံအနက် လွတ်လပ်သော လူ့အခွင့်အရေးစောင့်ကြည့်ထိန်းသိမ်းရေးအဖွဲ့အစည်းရှိသည့် နိုင်ငံ ငါးနိုင်ငံသာရှိသေးပြီး ယင်းတို့အနက် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ နိုင်ငံတကာစံအဖြစ် သတ်မှတ်ထားသည့် ပဲရစ်အခြေခံသဘောတရားများနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတကာအဆင့်မီ အဖွဲ့အစည်းဖြစ်သည်။

အခြေခံဥပဒေပါ မဏ္ဍိုင်အဖွဲ့အစည်းသုံးရပ်မှာလည်း စတင်သက်ဝင်လှုပ်ရှားလာပြီဖြစ်ရာ ဥပဒေပြုလွှတ်တော်များအနေဖြင့် အတွေ့အကြုံနှင့် အသိပညာဗဟုသုတလိုအပ်ချက်များကို အလျင်အမြန်ကြိုးစားဖြည့်ဆည်းကာ အစည်းအဝေးတစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတက်ကြွ၍ ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်လာနိုင်ကြောင်း တွေ့ရသည်။ခေတ်သစ်စနစ်သစ်တစ်ရပ်သို့ ကူးပြောင်းရာတွင် ပဓာနအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်မှာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးဖြစ်သည်။ မြန်မာနိုင်ငံ၌ ဥပဒေပေါင်း ရှစ်ရာကျော်ရှိသည့်အနက် ထက်ဝက်ခန့်မှာ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်မှ အမွေဆက်ခံခဲ့ရခြင်းဖြစ်ပြီး အချို့မှာ မြန်မာနိုင်ငံ လုံးလုံးလျားလျားကျွန်မဖြစ်မီက ဗြိတိသျှအိန္ဒိယကိုလိုနီတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ဆက်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ခေတ်စနစ်နှင့် မညီတော့သည့် ဥပဒေများကို ဖျက်သင့်သည်ဖျက်၊ ပြင်သင့်သည်ပြင်ကာ အသစ်ပြဋ္ဌာန်းရန် လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးရန်မှာ ဥပဒေပြုအဖွဲ့၏ ကြီးမားသော တာဝန်ကြီးတစ်ရပ် ဖြစ်သည်။ ဥပဒေဆိုသည်မှာ ဆေးမင်ကြောင် စုတ်ထိုးသကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်ပြင်ရန်ခက်လှသည်ဖြစ်ရာ ဥပဒေမပြုမီ အပြန်ပြန်အလှန်လှန်စဉ်းစားကာ အချိန်ယူဝေဖန်ဆွေးနွေးသုံးသပ်ကြရသည်။ ထို့ကြောင့် ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးနှစ်ကြိမ်တွင် ဥပဒေဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းမှုပေါင်း ၁၅ ခုခန့်ကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။

သို့ရာတွင် ဒီမိုကရေစီကျင့်စဉ်အတွက် များစွာအရေးပါသော ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုဥပဒေ၊ အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းခွင့်ဥပဒေစသည့် ဥပဒေသစ်များကို အချိန်တိုအတွင်း အောင်မြင်စွာ အတည်ပြု ပြဋ္ဌာန်းနိုင်ခြင်းမှာ ထူးခြားသော ဥပဒေပြုလုပ်ရပ်များဖြစ်ကြောင်း အသိအမှတ်ပြုရပေလိမ့်မည်။

(ဆက်လက်ဖော်ပြပါမည်။)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၁၂ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ “နိဗ္ဗာန်ရောက်ကြောင်းတရား (၄)ပါး” တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)
- ၆း၂၅ ထင်ရှားဖူးမြော် မွေတော်ကဏ္ဍူ စေတီတော်
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၇၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၈)**
- ၈း၄၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၆)
- ၈း၅၀ မေတ္တာလှိုင်းတို့ဖြင့် လွှမ်းခြုံအပ်သော. . . အထက(၃)ထောက်ကြန့်၏ အာစရိယဂုဏပူဇာ
- ၉း၀၅ စာပေမိတ်ဆက်ကဏ္ဍ “ထာဝရလန်းဆန်း ဆယ့်နှစ်ရာသီပန်းများ”(တင်ထွဋ်) စာအုပ်နှင့်မိတ်ဆက်ခြင်း
- ၉း၂၀ The Excellent Yangon Expo 2012
- ၉း၂၅ Cartoon Show Time
- ၁၀း၀၅ စောသက်ရဲ့ရင်ဘတ်ကြီးက တောင်းဆိုလို့ တေးစီးရီးမိတ်ဆက်ပွဲ
- ၁၀း၁၅ ခမ္မရောင်ခြည်လေးကျွန်းသာယာစေတီတော်မြတ် ထီးတော်တင် မင်္ဂလာနှင့် ဖြူးဆရာတော် စံလွန်တော်မူ (၂)နှစ်ပြည့်အခမ်းအနား
- ၁၀း၂၅ Celebrity Style
- ၁၀း၅၀ MRTV-4 ကျန်းမာရေးကဏ္ဍ
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၃)**
- ၁၂း၀၀ ရာပြည့်ပူဇော်. . . မဟာကထိန်ပွဲတော်
- ၁၂း၂၀ သင်ကြားရေးလမ်းညွှန်
- ၁၂း၃၅ မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချသောနေ့ ရွှေရုတုအကြိုပူဇော်ပွဲ
- ၁း၀၀ “နိဗ္ဗာန်ရောက်ကြောင်းတရား (၄)ပါး” တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ကလေးတို့အတွက်လမ်းညွှန်
- ၂း၄၅ Activities in The City
- ၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၇၅)**
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၈)**
- ၄း၄၀ သင်ယူလေ့လာအင်္ဂလိပ်စာ Nexus Language Centre မှာ
- ၅း၀၀ The Champion of Dance
- ၅း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၃)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၇)
- ၆း၂၀ Road To လူ့ရှင်တော် 5 Star အငြိမ့်
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၇၆)**
- ၇း၃၀ Celebrity Choice
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၂၉)**
- ၁၀း၁၅ စာအုပ်ပြခန်း
- ၁၀း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မိုးကျရွှေကိုယ်”(အပိုင်း-၁၄)**
- ၁၀း၅၅ International Show Biz
- ၁၁း၁၀ သူဌေးကျွန်းနှင့် Ecotourism
- ၁၁း၃၅ World of Knowledge
- ၁၂း၂၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၁၂း၄၅ စွဲမက်ဖွယ်ရာရတနာ
- ၁း၁၅ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁း၃၀ အမြင့်သဘင်၏ရုပ်သေးသမစဉ်
- ၁း၅၀ ပေါ့ပေါ့ပါးပါးဂေါက်သီးအားကစား
- ၁း၅၅ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
- ၂း၁၀ **တုန္ဒိုင်းမရ**
- ၂း၃၀ Barclays Premier League (Man City Vs Liverpool)
- ၄း၃၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
- ၄း၄၀ အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှ ဘုရားများ
- ၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၅	Wigan - Sunderland	(Star Sports)
၂း၂၅	Mancity - Liverpool	ESPN (MRTV-4)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြောင်းရွှေ့အခြေချနေထိုင်သော ပြည်သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂

ကချင်ပြည်နယ်အတွင်း လတ်တလောအခြေအနေများကြောင့် မြို့နယ်အချို့သို့ ပြောင်းရွှေ့အခြေချနေထိုင်လာကြသော ပြည်သူများအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ငွေကျပ်သိန်းပေါင်း ၁၉၀၀ ကျော် တန်ဖိုးရှိ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းစသည့် ထောက်ပံ့ရေးပစ္စည်းများကို ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး(ပထမတန်း) ဦးဂဲနက်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာယီပြောင်းရွှေ့ နေထိုင်လာကြသော မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီ၊ ခေါင်လန်ဖူးနှင့် ချီဖွေမြို့များရှိ ကယ်ဆယ်ရေးစခန်းများသို့ ဩဂုတ် ၁၃ ရက်မှ စတင်ကာ ပေးပို့လှူဒါန်းခဲ့ကြသည်။

အဆိုပါ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ပြောင်းရွှေ့အခြေချနေထိုင်သူများ ယာယီနေထိုင်ရန်အတွက် ယာယီအိမ်များဆောက်လုပ်ရာတွင် ကူညီဆောင်ရွက်ပေးခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကယ်ဆယ်ရေးစခန်း ၅၃ ခုတွင် ပြောင်းရွှေ့အခြေချနေထိုင်သူမိသားစုဝင်ဦးရေ ၁၄၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။

(ကိုကြီးသာ)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင် အိုရန် ကာယာ ဆီရီ ဖလမ်ဝမ် ဒါတို ပါဒူကာ အာဝမ် ဟာဂျီ အဗ္ဗဒူ ရာမာနီ ဘင် ဒါတို ပါဒူကာ ဟာဂျီ ဘာရှီယာ ဒီပီအမ်ဘီ အက်စ်အမ်ဘီသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင် အိုရန် ကာယာ ဆီရီ ဖလမ်ဝမ် ဒါတို ပါဒူကာ အာဝမ် ဟာဂျီ အဗ္ဗဒူ ရာမာနီ ဘင် ဒါတို ပါဒူကာ ဟာဂျီ ဘာရှီယာ ဒီပီအမ်ဘီ အက်စ်အမ်ဘီအား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကလားစ် မိုလင် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆွီဒင်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကလားစ် မိုလင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

ရန်ကြီးအောင် ၏

အားသစ် မာန်သစ် - နိုင်ငံသစ်

“၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယသည်ကား နိုင်ငံသမိုင်းတွင် မော်ကွန်းတင်ရစ်မည့် ခေတ်သစ်တစ်ခေတ်၏ ပထမဆုံးနှစ်သစ်မှာဦးဟု ဆိုနိုင်ပေလိမ့်မည်”

(ဆောင်းပါး စာမျက်နှာ - ၈၊ ၉၊ ၁၀)

ညိုညိုသန့် ၏

လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

(ကဗျာ စာမျက်နှာ - ၉)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။